၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.806, MARCH 20, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## ပြည်ထောင်စု စိတ်ဓာတ်ရှင်သန်ရေး ဒေါ်အောင်ဆန်းစုကြည်တိုက်တွန်း

**RFA ၊ မတ်လ ၁၇ ။** ။ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်အောင်လုပ်တဲ့နေရာမှာ တိုင်းရင်းသားတွေက ဗမာအစိုးရကို မယုံသလို၊ ဗမာအစိုးရက တိုင်းရင်းသားအရေးကို အလေးမထားဘူးလို့ခံယူနေတဲ့ အတွက် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာသင့်သလောက် မခိုင်မာခဲ့တာဖြစ်တယ်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က သုံးသပ်ပြောဆိုလိုက်ပါတယ်။

တိုင်းရင်းသား လူမျိုးစုများစွာ မှီတင်းနေထိုင်သော မြန်မာနိုင်ငံတွင် ပင်လုံသဘောတူညီချက်အရ လူမျိုးတိုင်း တန်းတူ အခွင့်အရေးကို အခြေခံသော ဖယ်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေးကိုလိုလားတောင်းဆိုနေကြပါသည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင်တွေနဲ့ ရှမ်းပြည်နယ်က စည်းရုံးရေးခေါင်းဆောင်တွေ ဒီကနေ့ တွေ့ဆုံတဲ့ပွဲမှာ ဒေါ်အောင်ဆန်းစုကြည် ပြောလိုက်တာပါ။ ဒီကိစ္စနဲ့ပတ်သက်လို့ NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က RFA ကို အခုလို ပြောပါတယ်။

"ကျွန်မတို့ ပြည်ထောင်စု စိတ်ဓာတ်ကို ရှင်သန်အောင်လုပ်တဲ့ နေရာမှာ ဘယ်လိုအထစ်အငေါ့တွေရှိနေသလဲ၊ ဘယ်လို အပိတ်အဆို့တွေရှိနေသလဲ၊ ဘယ်လို ခလုတ်ကန်သင်းတွေရှိနေသလဲဆိုတာကို ကျွန်မတို့ နားလည်ဖို့ လိုပါတယ်တဲ့။"

"အဓိကအချက်တခုကတော့ ကျွန်မတို့ တိုင်းရင်းသားများအနေနဲ့ ညီအစ်ကို မောင်နမတွေအနေနဲ့ ပြည်မ အစိုးရကို မလွှန်ဆန်နိုင်တဲ့ ကိစ္စဒီလိုပဲ ကျွန်မမြင်ပါတယ်။ ဗမာအစိုးရကို မယုံကြည်သလို ဗမာအစိုးရဟာ တိုင်းရင်းသားတွေရဲ့အရေးကို ဘယ်တော့မှ အလေးမထားဘူး ဆိုတဲ့ ခံယူချက်တွေကြောင့် ကျွန်မတို့ ပြည်ထောင်စုစိတ်ဓာတ်ဟာ ခိုင်မာသင့်သလောက် မခိုင်မာ ခဲ့တာ ဖြစ်တယ်။"

"ဒီလို ပြဿနာတွေကို ဘယ်လိုဖြေရှင်းမလဲဆိုတာကို အဓိက ထားပြီးတော့ ကျွန်မတို့ မြို့နယ်တွေက အခြေအနေတွေ၊ ပြည်နယ်တွေက အခြေအနေတွေ တင်ပြစေချင်ပါတယ်စသဖြင့် သူက အဲဒီလိုဖွင့်ပေးပါတယ်ခင်ဗျ။"

ဒ့ါအပြင် လွတ်လပ်ရေး ကြိုးပမ်းမှုကာလမှာ အမျိုးသားခေါင်းဆောင်တွေက ပြည်ထောင်စုအတွက် ရှမ်းပြည်နယ် ပင်လုံမြို့မှာညီလာခံကျင်းပနိုင်ခဲ့တာဟာ ရှမ်းတိုင်းရင်းသားတွေရဲ့ အပြည့်အဝပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်တယ်လို့ဒေါ်အောင်ဆန်းစုကြည်က ပြောလိုက်ပါတယ်။ ဒါကြောင့် ဒုတိယပင်လုံညီလာခံ ပေါ်ပေါက်ရေးမှာလည်း ရှမ်းတိုင်းရင်းသားတွေအနေနဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်ဖို့ ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းလိုက်ပါတယ်။

ရှမ်းပြည်နယ်ကနေ ဆွေးနွေးပွဲတက်လာတဲ့ ကိုယ်စားလှယ်တွေကလည်း ဒုတိယပင်လုံညီလာခံပေါ်ပေါက်ရေးအတွက် သူတို့အနေနဲ့ အတတ်နိုင်ဆုံး ပံ့ပိုးကူညီမယ်လို့ ပြန်လည်ပြောဆိုကြောင်း သိရပါတယ်။ ဒ့ါအပြင် သူတို့ဒေသတွေမှာ NLD ကို ဖိအားပေးတာတွေများတဲ့အတွက် ပြည်သူတွေကြား လှုပ်ရှားရတာတွေ နေးကွေးနေရတဲ့ကိစ္စ၊ စစ်အစိုးရနဲ့ အပစ်ရပ်အဖွဲ့တွေရဲ့ စီးပွားရေး ချဲ့ထွင်မှုကြောင့် ဒေသခံလယ်သမားတွေ လယ်မြေတွေအသိမ်းခံရတဲ့ကိစ္စ၊ ဘိန်းစိုက်ပျိုးမှုတွေဆက်ရှိနေတဲ့ကိစ္စတွေ တင်ပြကြတယ်လို့ သိရပါတယ်။

ဒီဆွေးနွေးပွဲမှာ ဒုဥက္ကဋ္ဌဦးတင်ဦးနဲ့ဗဟို အလုပ်အမှုဆောင် ဦးဝင်းတင်တို့ကလည်း ကိုယ်စားလှယ်တွေရဲ့မေးမြန်းချက်တွေကိုပြန်လည်ဖြေဆိုကြပါတယ်။

| | | | | | |
|---|---|---|---|---|---|
| အမျိုးသမီးရွှေ့ပြောင်း အလုပ်သမားများကို ဒေါ်အောင်ဆန်းစုကြည် အားပေး | မြန်မာနိုင်ငံဆိုင်ရာအကြံပေး ပုဂ္ဂိုလ် အချိန်ပြည့် ခန့်အပ်နိုင်ရေး ကုလစဉ်းစား | အဖွဲ့ဌချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နှင့် NDF ခေါင်းဆောင် များတွေ့ဆုံ | အီးယူ သံအရာရှိများ ဒေါ်အောင်ဆန်းစုကြည် နှင့်ခေါင်းဆောင်တချို့ တွေ့ဆုံ | အစိုးရသစ်နဲ့ ဆွေးနွေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်အသင့်ရှိ | ကြားဖြတ်ရွေးကောက် ပွဲတွေကို နှစ်ကုန်ပိုင်းမှာ ပြုလုပ်ပေးမည်ဟုဆို |
| စာမျက်နှာ ၃ | စာမျက်နှာ ၅ | စာမျက်နှာ ၇ | စာမျက်နှာ ၁၀ | စာမျက်နှာ ၁၃ | စာမျက်နှာ ၁၈ |

VOB အာဘော်

# စစ်ဘိနပ်ကို ကြိုးချည်ပေးသူများ

မြန်မာပြည်တွင်ကျင်းပလျက်ရှိသော လွှတ်တော်တွင် လာမည့်နှစ်ဘတ်ဂျက်နှင့်ပတ်သက်သော ဆွေးနွေးမှုများပြုလုပ် သောအခါ လွှတ်တော်ဥက္ကဋ္ဌက အမတ်များ၏ဆွေးနွေးဝေဖန်မှုများကို ကန့်သတ်မှုများပြုလုပ်ခဲ့သည်ဟုသိရသည်။ လာမည့်နှစ်ဘတ်ဂျတ်အသုံးစရိတ်အတွက် သတ်မှတ်ဆွေးနွေးမှုများတွင် လွှတ်တော်အမတ်တဦးက စစ်တပ်အတွက် ဘတ်ဂျက်ခွဲဝေမှုများအပေါ် မေးခွန်း ထုတ်မှုများအား လွှတ်တော်ဥက္ကဋ္ဌက လက်ရှိအခြေအနေနှင့်မသက်ဆိုင်ဟူသော အကြောင်း ပြချက်ဖြင့် ပိတ်ပင်မှုများပြုခဲ့သည်။

၂၀၁၀ ရွေးကောက်ပွဲမဝင်မီက လွှတ်တော်တွင်းပြောရေးဆိုခွင့်ရလာမည်ဖြစ်ပြီး မြန်မာ့နိုင်ငံရေးကို လွှတ်တော်တွင်းမှ တဆင့်ပြောင်းလဲမည်ဟူသောကြွေးကြော်သံဖြင့် ရွေးကောက်ပွဲဝင်ခဲ့သူများသည် ယခုအခါ ပြောရေးဆိုခွင့်များကန့်သတ် ခံနေရသည်။ လူထုကိုယ်စားပြုသည့်ကိုယ်စားလှယ်များသည် လူထုအကျိုးအတွက်မည်သို့ပင်ပြောဆိုလုပ်ကိုင်နေစေကာ မူ စစ်တပ်နှင့် စစ်တပ်ကျောထောက်နောက်ခံပါတီက လက်ဝါးကြီးအုပ်ထားပြီး ထင်တိုင်းကြဲနေသည်ကို နားလည်သဘော ပေါက်ရမည်ဖြစ်သည်။

အလားတူပင် အများပြည်သူနှင့်သက်ဆိုင်သောမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည်ကိုလည်း သက်ဆိုင်ရာဝန်ကြီးတာဝန်ယူသူများက ဖြေကြားခြင်းမပြုပဲနေသည်များရှိသည်ဟုလည်းသိရသည်။ ဥပမာအားဖြင့် တယ်လီဖုန်းဆက်သွယ်ခဈေးကြီးနေသည့်အကြောင်းနှင့်ဆက်နွယ်သောမေးခွန်းကို ဆက်သွယ်ရေးဝန်ကြီးတာဝန်ယူထား သူက ဖြေကြားခြင်းမပြုပဲနေသည်ကို တွေ့ရသည်။

ဒီမိုကရေစီထွန်းကားသောနိုင်ငံတွင် လွှတ်တော်သည်အမြင့်ဆုံးသောအချုပ်အခြာအာဏာကိုကျင့်သုံးခွင့်ရှိသည်။ အကြောင်းမှာ အဆိုပါလွှတ်တော်တွင် ပြည်သူများက ၎င်းတို့ကိုယ်စားရွေးချယ်လိုက်သောသူများဖြင့်ဖွဲ့စည်းထားသော ကြောင့်ဖြစ်သည်။ ပြည်သူ့ကိုယ်စားလှယ်တဦးကမေးမြန်းသည်ကို သက်ဆိုင်ရာတာဝန်ရှိသူက ဖြေကြားခြင်းမပြုသည်မှာ ပြည်သူလူထုကို မထေမဲ့မြင်ပြုခြင်းပင်ဖြစ်သည်။

လွှတ်တော်တက်နေသူ အမတ်များအနေဖြင့် လူထုကို စစ်ဘိနပ်အောက်တွင်ထားရှိနိုင်ရေးအတွက် စနစ်ကျနစွာဖြင့် ကြိုးပမ်းနေမှုများတွင် စစ်ဘိနပ်ကိုကြိုးချည်ပေးသူ များအဖြစ်ကို မရောက်ရှိစေရန်နှင့် ပြည်သူလူထုနှင့်နိုင်ငံအနာဂတ် အကျိုးအတွက် မှန်မှန်ကန်ကန်သုံးသပ်လုပ်ဆောင်ရန် လိုအပ်နေပြီဟု ရေးသားလိုက်ရပေသည်။

---

# ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများထိခိုက်ကြောင်း

**VOA ၊ မတ်လ ၂၀ ။** ။ မြန်မာနိုင်ငံတဝန်း နွေရာသီ အစပိုင်းဖြစ်တဲ့ မတ်လထဲမှာ အချိန်အခါမဟုတ် မိုးရွာသွန်းမှုတွေနဲ့ လေအေး တိုက်ခတ်မှုတွေကြောင့် စိုက်ခင်းတွေနဲ့ ဆားကွင်းတွေ ပျက်စီးမှုတွေ ရှိခဲ့ပါတယ်။ အဲဒီလို စိုက်ခင်းတွေပျက်စီးမှုကြောင့် သီးနှံအထွက်နှုန်းလည်း ကျဆင်းလိမ့်မယ်လို့ တောင်သူတွေက ခန့်မှန်းကြပါတယ်။ အပြည့်အစုံကို သီးနှံစိုက် တောင်သူတွေနဲ့ ဆက်သွယ်မေးမြန်းထားတဲ့ မသီဂီထိုက်ကတင်ပြပေးထားပါတယ်။

ဒီလနွေရာသီအစပိုင်းမှာပဲ နှစ်စဉ်ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့မိုးရက်ဆက် ရွာသွန်းမှုနဲ့ လေအေး တိုက်ခတ်မှုတွေ နိုင်ငံတဝန်းမှာဖြစ်ပွားခဲ့တာကြောင့် နိုင်ငံတဝန်းက စိုက်ခင်း ပျိုးခင်းတွေနဲ့ ဆားကွင်းတွေပျက်စီးခဲ့ရတယ်လို့ ပြောကြပါတယ်။ ဧရာဝတီတိုင်းဘက်မှာ နှစ်တိုင်း နွေဦးကာလမှာ မိုးသဲသဲမဲမဲရွာသွန်းမှုတွေရှိပေမဲ့ အခုလို နေ့စဉ်ရက်ဆက်ရွာသွန်းမှုမျိုးမဟုတ်ပါဘူး။ အခု မိုးရွာသွန်းမှုက နေ့စဉ်ရက်ဆက် ကာလရှည် ရွာသွန်းတာကြောင့် ရိတ်သိမ်းခါနီး ရင့်မှည့်နေတဲ့ ပဲခင်းတွေကို ရေစိမ်သလို ဖြစ်သွားတဲ့အတွက် ပဲတွေ ပျက်စီးရတာဖြစ်တယ်လို့ဒေသခံတွေက ပြောပါတယ်။

ဧရာဝတီတိုင်းအတွင်းက နေလှန်းဆားကွင်းတွေလည်းဆားထုတ်ချိန်မှာ မိုးရွာတာကြောင့် ပျက်စီးမှုတွေ ရှိခဲ့တဲ့အတွက် ဆားထုတ်လုပ်မှုမှာလည်း ထိခိုက်မှုတွေ ရှိခဲ့တယ်လို့ ပြောကြပါတယ်။

"ဒီအချိန် ဆားကျုံးရမယ့်အချိန်မှာ ဆားမကျုံးနိုင်ဘူးပေါ့။မြေပဲစိုက်တဲ့လူတွေဆို အကုန်လုံးပျက်တာပေါ့။ ရာသီဥတု ဖျက်တာကတော့ ကဏ္ဍပေါင်းစုံ အကုန်လုံးဖျက်ဆီးနေတာပဲပေါ့။ အခုတလောဖျက်လိုက်တဲ့ မိုးက။ သိသိသာသာအပြောင်းအလဲကတော့ မိုးမရွာသင့်တဲ့ အချိန်မှာရွာတယ်။ ဒါပေမဲ့ ခါတိုင်းလည်း မရွာဘူးလားဆိုတော့ ရွာတော့ ရွာတယ်။ အခုလိုမျိုး မိုးစွေပြီးတော့မရွာဘူး။ အင်နဲ့အားနဲ့ ရွာရင်လည်းရွာတယ်။ ရွာပြီးရင်လည်းပြန်ပျောက်ပြီးနေ ချက်ချင်းထွက်လာတယ်။ ပြီးတော့ ရွာပြီးတော့လည်း အေးတာမရှိဘူး။

"အခုဟာက မိုးက ၂ ရက်လောက်ကို စွေပြီးတော့ နေ့ရောညရော ဆက်တိုက်ရွာပြီး လေကလည်း ခါတိုင်းလေနဲ့ မတူဘဲနဲ့ ရေခဲ အေးတဲ့ လေမျိုး အေးတာပေါ့။ အခုထိ အဲဒီ အအေးဓာတ်တွေနည်းနည်းလေး ရှိသေးတယ်။ ဒါပေမဲ့ နဂိုလောက်တော့ မဆိုးပါဘူး။ အဲဒီအေးတဲ့ဟာက ဘယ်သူမှ မခံနိုင်ဘူး၊ တော်တော်အေးတယ်။"

ပဲခူးတိုင်းတွင်းက ဒေသတွေမှာလည်း လေပြင်းနဲ့အတူ မိုးသဲသဲမဲမဲ ရက်ဆက်ရွာသွန်းတဲ့အတွက် ပဲခင်းတွေ ပျက်စီးကြရပါတယ်။ ခြွေလှေ့ဖို့ စုပုံထားတဲ့ စပါးတွေလည်း ပျက်စီးမှုတွေရှိခဲ့တယ်လို့ ပဲခူးတိုင်းအတွင်းက တောင်သူတဦးက ပြောပါတယ်။ **စာမျက်နှာ ၅ သို့**

# အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများကို ဒေါ်အောင်ဆန်းစုကြည် အားပေး

**RFA | မတ်လ ၁၅ ||** || ပြည်ပကို ရောက်ရှိနေကြတဲ့ မြန်မာအမျိုးသမီး ရွှေ့ပြောင်းအလုပ်သမားတွေအနေနဲ့ မိမိတိုရဲ့အရည်အသွေးတွေကို အမြဲမြှင့်တင်နေကြဖို့နဲ့ ရေရှည် ရည်မှန်းချက်ထားရှိကြဖို့မြန်မာ့ဒီမို ကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အားပေးတိုက်တွန်း လိုက်ပါတယ်။

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားတွေအရေး ဆောင်ရွက်နေတဲ့ MAP Foundation က ကြီးမှူးပြီး ချင်းမိုင်မြို့မှာ ကျင်းပခဲ့တဲ့ အကြိမ် ၁၀၀ မြောက် နိုင်ငံတကာအမျိုးသမီးနေ့အခမ်း အနား တက်ရောက်လာကြသူ မြန်မာအမျိုးသမီး ရွှေ့ပြောင်းအလုပ် သမားတွေကို ဒေါ်အောင်ဆန်းစုကြည်က ဗီဒီယိုကတဆင့် ပြောကြား ခဲ့တာပါ။

အဲဒီလို ပြောကြားခဲ့ရာမှာ ဒေါ်အောင်ဆန်းစုကြည်ကမိမိတို့ အနေနဲ့ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ ရဲ့ဘဝတွေ သက်သာချောင်ချိရေး ကူညီပေးဖို့ အမြဲစဉ်းစားကြိုးစားနေကြောင်း၊ မြန်မာရွှေ့ပြောင်း အလုပ်သမားတွေအနေနဲ့လည်းရောက်ရာဒေသမှာ ဝန်ထုပ်ဝန်ပိုးမဖြစ်ရအောင် ကြိုးစားကြရမှာဖြစ်ကြောင်း ပြောပါတယ်။

"ကျွန်မအနေနဲလည်း ကျွန်မတို့ရဲ့ ပြည်ပရောက်သွားတဲ့ ရွှေ့ ပြောင်း အလုပ်သမားများ၊ ဒုက္ခသည်များနဲ့ ဒေသခံ ပြည်သူများအကြား မှာ ပြေလည်နိုင်ဖို့ အရေးကြီးတယ်။ အဲဒီလို ပြေလည်နိုင်ဖို့ ဘယ်လို ကြိုးစားပြီးလုပ်ဆောင်ရမလဲဆိုတာကိုအမြဲပဲစဉ်းစားနေပါတယ်။ဥပမာ အားဖြင့်ဆိုရင် ကျွန်မတို့ ပြည်ပရောက်သွားတဲ့ အမျိုးသမီးများဟာ ဒီဒေသအတွက် ဝန်ထုပ်ဝန်ပိုး တခုသာမက ဒေသကိုလည်း အကျိုး ပြုနိုင်တယ်ဆိုတာကို ကွက်ကွက်ကွင်းကွင်း ပေါ်မယ်ဆိုလို့ရှိရင် ဒေသ ခံတွေအနေနဲ့လည်း ကျွန်မတို့ရဲ့ အမျိုးသမီးတွေအပေါ်မှာ စိတ်ထား ဟာ ပြောင်းသွားမယ်လို့ ကျွန်မတို့ ထင်ပါတယ်။"

"ကျွန်မတို့ရဲ့ ရည်ရွယ်ချက်ကတော့ ပြည်ပရောက်သွားတဲ့ မြန်မာနိုင်ငံသူမြန်မာနိုင်ငံသားအားလုံး လုံလုံခြုံခြုံလွတ်လွတ်လပ်လပ် နဲ့ ကျွန်မတို့ နိုင်ငံကို ပြန်လာနိုင်မဲ့အခြေအနေတခု ဖန်တီးဖို့ပါပဲ။"

ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်ပြောကြားရာမှာပြည်ပ ရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားတွေရဲ့ ဘဝတိုးတက်ရေးအ တွက် MAP Foundation လို အဖွဲ့အစည်းမျိုးတွေနဲ့ ပူးပေါင်းဆောင်ရွ က်နိုင်ဖို့ကြိုးစားမှာဖြစ်ကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားတွေအနေနဲ့ရ တဲ့အခွင့်အရေးတွေကို အသုံးချပြီး မိမိတို့ အရည်အသွေးတိုးတက်မြင့် မားလာအောင် အားထုတ်ကြရမှာဖြစ်ကြောင်း တိုက်တွန်းခဲ့ပါတယ်။

"ကျွန်မ ပြောချင်တာကတော့ မျှော်လင့်ချက်ကိုတော့ ဘယ် တော့မှ လက်မလွှတ်ပါနဲ့။ ဒီနိုင်ငံကနေပြီးတော့ ထွက်သွားရတဲ့ အ ကြောင်းများဟာဘယ်လိုအခက်အခဲတွေကြောင့်လဲဆိုတာတယောက် နဲ့တယောက်မတူပေမဲ့ နောက်ဆုံးဘယ်သူကမှထွက်သွားချင် လို့ ဒီလို ပုံစံနဲ့ ထွက်သွားကြတာမဟုတ်ပါဘူး။ ကိုယ့်တိုင်းပြည်မှာ အခက် အခဲတွေများလွန်းလို့ ကိုယ့်တိုင်းပြည်ရဲ့ ဒုက္ခတွေက များလွန်းလို့ တ ခြားပြည်ပတိုင်းပြည်ကို သွားပြီး ရုန်းကန်ရတာ ဖြစ်ပါတယ်။"

"ကျွန်မတို့ အမျိုးသမီးတွေဟာ အရည်အချင်းရှိတယ်လို့ ကျွန် မတို့ယုံကြည်ပါတယ်။ ဘဝမှာ ရုန်းကန်နိုင်တဲ့ အရည်အချင်းဆိုတာ နည်းတဲ့ အရည်အချင်းမဟုတ်ပါဘူး။ ဒီလို ဘဝမှာ ရုန်းကန်နိုင်တဲ့ အရည်အချင်းရှိလို့လဲ စွန့်စွန့်စားစားနဲ့ပြည်ပကို သွားပြီးတော့ ဘဝ သစ်ထူထောင်ဖို့ကြိုးစားကြတာပါ။ ဒီလို ကြိုးစားတဲ့ နေရာမှာ တချိန် လုံးရေရှည်အကျိုးအတွက်ကို စဉ်းစားစေချင်ပါတယ်။ ရေရှည်ရည်မှန်း ချက်ကို မျက်ခြေမပြတ် ရှိစေချင်ပါတယ်။"

မကြာလှတဲ့အချိန်တချိန်မှာ မိမိတို့အားလုံးမြန်မာနိုင်ငံမှာ ပြန် လည်ဆုံတွေ့ပြီး မြန်မာ့အကျိုး၊ ကမ္ဘာ့အကျိုး အတူသယ်ပိုး ဆောင်ရွက် နိုင်ကြလိမ့်မယ်လို့ မျှော်လင့်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကအား ပေးစကား ပြောဆိုခဲ့ပါတယ်။ ထိုင်းနိုင်ငံမှာ မြန်မာရွှေ့ပြောင်းအလုပ် သမား အနည်းဆုံး နှစ်သန်းလောက် ရှိမယ်လို့ ခန့်မှန်းကြပါတယ်။

# ပါတီထက် တိုင်းပြည်အတွက်ပိုအရေးပါ

**RFA | မတ်လ ၁၄ ||** || ပါတီရဲ့ အနာဂတ်ထက် တိုင်းပြည်ရဲ့ အနာဂတ်နဲ့ ဒီမိုကရေစီ ရရှိရေးက ပိုပြီးအရေးကြီးတယ်လို့ မတ်လ ၁၄ ရက် ဒီကနေ့ မကွေးတိုင်း စည်းရုံးရေး အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံပွဲမှာ ဒေါ်အောင်ဆန်းစုကြည်က မှာကြားခဲ့ကြောင်း သိရပါတယ်။

ဒီကနေ့ မနက် ၁၀ နာရီက အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမမှာ ကျင်းပခဲ့တဲ့ NLD ပါတီ ဗဟို ကော်မတီဝင်တွေ နဲ့ မကွေးတိုင်း တိုင်းစည်းအဖွဲ့ဝင်တွေ ညနေ ၄နာရီအထိတွေ့ ဆုံဆွေးနွေးခဲ့ကြပါတယ်။ မနက်ပိုင်းပြုလုပ်တဲ့ အစည်းအဝေးဖွင့်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှာစကားနဲ့ ပတ်သက်ပြီး ပါတီပြန်ကြား ရေးတာဝန်ခံဦးအုန်းကြိုင်က ခုလို RFA ကို ပြောပါတယ်။

"တချို့က စိုးရိမ်ပူပန်နေတဲ့ လူတွေလည်း ရှိတော့ ရှိတာပေါ့။ ကျွန်မတို့ကတော့ ဒါကို မစိုးရိမ်ပါဘူး။ အဓိကကတော့ ပြည်သူလူထုရဲ့ ထောက်ခံမှုရရှိနေရင်း ပြည်သူနဲ့တသားတည်း ဖြစ်နေနိုင်လို့ရှိရင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အနာဂတ်အတွက် ကျွန်မတို့ ဘာမှ စိတ်ပူစရာမရှိပါဘူး။ တကယ်တော့လည်း အမျိုးသားဒီမိုကရေစီ အဖွဲ့ ချုပ်ရဲ့ အနာဂတ်က အဓိကမဟုတ်ပါဘူး။ တိုင်းပြည်ရဲ့ အနာဂတ်ဟာ အဓိကဖြစ်ပါတယ်။ တိုင်းပြည်မှာ ဒီမိုကရေစီရရှိရေးအတွက်သာ အဓိကဖြစ်ပါတယ်။ အဲဒါ ဦးတည်ပြီးတော့ ကျွန်မတို့ ပံ့ပိုးနိုင်တဲ့ အကူ အညီတွေကို အကြံဉာဏ်ပေးပါလို့ ပန်ကြားချင်ပါတယ်လို့ အဲဒီလို အဖွင့် မိန့်ခွန်းပြောကြားပါတယ်။"

ဆွေးနွေးပွဲမှာ မကွေးတိုင်း၊ တိုင်းစည်းကိုယ်စားဦးညွန့်လှိုင်က တင်ပြပြီး မြို့နယ် ၂၂ မြို့နယ်ကဖြစ်စဉ်တွေ၊ အခက်အခဲတွေကိုမြို့ နယ်စည်းကော်မတီဝင်တွေနဲ့ လူငယ်အဖွဲ့ဝင်တွေကဆက်လက်တင် ပြခဲ့ကြရာမှာ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးဝင်းတင်တို့ ကပြန် လည်ရှင်းလင်းခဲ့ကြပါတယ်။ ညနေ၄နာရီမှာ အစည်းအဝေး သဘာပတိ ဦးတင်ဦးက ကမ္ဘာမှာ အာဏာရှင်ခေတ်မှေးမှိန်နေပြီဖြစ်ကြောင်း ဥပမာ တွေနဲ့ တင်ပြပြောဆိုပြီး အစည်းအဝေး ရုပ်သိမ်းလိုက်ပါတယ်။

# နအဖရဲ့ စစ်ရာဇဝတ်ကျူးလွန်မှုများ စုံစမ်းရေး တင်တားနား ထပ်မံတောင်းဆို

**RFA ၊ မတ်လ ၁၅ ။** ။မြန်မာနိုင်ငံမှာ စစ်အစိုးရက ပြည်သူတွေအပေါ် ကျူးလွန်နေတဲ့ စစ်ရာဇဝတ်မှုတွေနဲ့ အစုအပြုံလိုက် သတ်ဖြတ်မှုတွေကို စုံစမ်းဖော်ထုတ်ပေးဖို့ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနားက ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ ကျင်းပနေတဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှာ မတ်လ ၁၄ ရက် မနေ့က တောင်းဆိုလိုက်ပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စားလှယ် မစ္စတာ တောမတ်စ် ကင်တားနား ထိုင်း-မြန်မာနယ်စပ်၊ မဲဆောက်မြို့ရှိ နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း ပြခန်းသို့ ၂၀၀၉ ခုနှစ်က သွားရောက်လေ့လာခဲ့ဘူးပါသည်

ဒီလူ့အခွင့်အရေး ချိုးဖောက်မှုတွေကို စုံစမ်းဖော်ထုတ်ဖို့ မလွဲမသွေလိုအပ်ကြောင်းအဲဒီစုံစမ်းဖော်ထုတ်ရေးကိုလွတ်လပ်မှုနဲ့စိတ်ချယုံကြည်ရမှုရှိတဲ့ ဘက်လိုက်မှုကင်းတဲ့ အဖွဲ့အစည်းနဲ့အမြန်ဆုံးဆောင်ရွက်သွားဖို့လိုအပ်ကြောင်း မစ္စတာကင်တားနားက ပြောသွားပါတယ်။

ဒ့ါပြင် မစ္စတာကင်တားနားက မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေး အခြေအနေတွေ ဆက်လက် ဆိုးဝါးနေဆဲဖြစ်ကြောင်း၊ အစိုးရအနေနဲ့ ယုံကြည်ရလောက်တဲ့ စုံစမ်းစစ်ဆေးမှုတွေ မလုပ်ဆောင်ဘူးဆိုရင် နိုင်ငံတကာက ဝင်ရောက်တာဝန်ယူဆောင်ရွက်ရမှာဖြစ်ကြောင်း၊ နိုင်ငံရေးအကျဉ်းသားတွေ အားလုံးကို အမြန်ဆုံး ပြန်လွှတ်ပေးဖို့လိုအပ်ကြောင်း၊ အစိုးရသစ်အနေနဲ့လည်း အတိုက်အခံတွေကို ဖိနှိပ်တဲ့ဥပဒေတွေကို ပြင်ဆင်ပြီး လူ့အခွင့်အရေး တိုးတက် ကောင်း မွန်အောင်လုပ်ဖို့ လိုအပ်ကြောင်း မစ္စတာ ကင်တားနားက တိုက်တွန်းသွားခဲ့ပါတယ်။

မစ္စတာကင်တားနားဟာ မြန်မာနိုင်ငံက လူ့အခွင့်အရေး အခြေအနေတွေကို ပွင့်ပွင့်လင်းလင်းထောက်ပြ ဝေဖန်တဲ့အတွက် စစ်အစိုးရက သူ့ကို ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ထားတာ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလကတည်းက ဖြစ်ပါတယ်။

မနေ့က ကျင်းပတဲ့ လူ့အခွင့်အရေးကောင်စီမှာ ထိုင်းနိုင်ငံကိုယ်စားလှယ်က မစ္စတာကင်တားနားကို ပြည်ဝင်ခွင့် ဗီဇာထုတ်ပေးပြီး လူ့အခွင့်အရေးခြေအနေတွေ သွားရောက် စုံစမ်းခွင့်ပေးဖို့ မြန်မာစစ်အစိုးရကို တိုက်တွန်းသွားခဲ့ပါတယ်။

အမေရိကန် အစိုးရကိုယ်စားလှယ် Ms. Margaret Wang ကလည်း အမေရိကန်အစိုးရအနေနဲ့ မစ္စတာကင်တားနားရဲ့ လုပ်ဆောင်ချက်တွေကို အပြည့်အဝထောက်ခံပြီး၊ ဆက်လက် ထမ်းဆောင်သွားမဲ့ တာဝန်တွေအတွက်လည်း ကြိုဆိုကြောင်း ပြောသွားခဲ့ပါတယ်။

မြန်မာစစ်အစိုးရရဲ့ကိုယ်စားလှယ် ဦးသန့်ကျော်ကတော့ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးနဲ့ပတ်သက်လို့ စုံစမ်းစစ်ဆေးအရေးယူမှုတွေကို အစိုးရက အပြည့်အဝဆောင်ရွက်ပေးနေပြီး မစ္စတာကင်တားနားရဲ့ တင်ပြချက်တွေဟာ အခြေအမြစ်မရှိဘူးလို့ပြောသွားခဲ့ပါတယ်။

မစ္စတာ ကင်တားနားရဲ့ အစီရင်ခံစာပါ စာပုဒ် ၁၃၊ ၁၄၊ ၁၇ တို့ကစလို့ ဒီအစီရင်ခံစာတခုလုံးနီးပါးဟာ မမှန်မကန် ဖော်ပြချက်တွေဖြစ်တာကြောင့် လက်မခံနိုင်ကြောင်း၊ မြန်မာနိုင်ငံမှာ ဥပဒေနဲ့အညီ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပြီး၊ နှစ် ၅၀ အတွင်း ပထမဆုံးလွှတ်တော်ပေါ်ပေါက်နေပြီဖြစ်ကြောင်း၊ ပညာရေးကစလို့ မြန်မာနိုင်ငံရဲ့ အခြေအနေတွေ တိုးတက်ကောင်းမွန်နေကြောင်း ဦးသန့်ကျော်ကပြောပါတယ်။

အလားတူ တရုတ်အစိုးရကိုယ်စားလှယ်ကလည်း မြန်မာနိုင်ငံအပေါ် ဖိအားပေးမှုတွေကို ဆန့်ကျင်ကြောင်း၊ ရွေးကောက်ပွဲနဲ့အစိုးရသစ်ကို နိုင်ငံတကာက ထောက်ခံကြိုဆိုကြဖို့လိုအပ်ကြောင်း ပြောသွားခဲ့ပါတယ်။

# အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ပဲနှင့်စပါးများ ပျက်စီးဆုံးရှုံး

**DVB ၊ မတ်လ ၁၆ ။** ။ အခုရက်ပိုင်း နိုင်ငံအနှံ့ အချိန်အခါမဟုတ် ရွာသွန်းတဲ့မိုးကြောင့် ရိတ်သိမ်းစ နွေစပါးနဲ့ မတ်ပဲတွေ ပျက်စီးဆုံးရှုံးကြရပါတယ်။ နွေစပါးနဲ့ မတ်ပဲတွေ အဓိကစိုက်တဲ့ ဧရာဝတီတိုင်းနဲ့ ပဲခူးတိုင်းတွေမှာ ပြီးခဲ့တဲ့ နှစ်ရက်လောက်ကစပြီး မိုးရွာတဲ့အတွက် စပါးနဲ့ ပဲတွေ ပျက်စီးကုန်တယ်လို့ ပဲခူးတိုင်း သာယာဝတီက လယ်သမားတဦးက ပြောပါတယ်။

"ပဲကော၊ ပဲတီစိမ်းပါ ဒီအတိုင်းဆက်မိုးရွာနေရင်တော့ တော်တော်များများပျက်စီးသွားလိမ့်မယ်။ ပဲသိမ်းတဲ့အချိန်ဖြစ်နေတော့ သူက ဆည်ထဲကို မရောက်သေးဘူး၊ သလင်းထဲမှာပဲ ရှိသေးတဲ့အတွက် ပဲက တဝက်လောက်ပျက်နိုင်တယ်။ စပါးတုန်းကလည်း အဲလိုပဲ မိုးကြောင့် ပျက်ထားတာ။ ပဲက ရေထည့်ရင် အပင်ပေါက်သွားတယ်၊အဲဒါကြီးကတော့ အတော်ဒုက္ခရောက်နိုင်တယ်။"

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာအုပ်စုမှာလည်း အခု ရက်ပိုင်း ရွာတဲ့မိုး ကြောင့် စပါးပျက်စီးမှုအခြေအနေကို လယ်သမားတဦးက အခုလို ပြောပါတယ်။

"အဲဒီဘက်တွေမှာလည်းတော်တော်များများလေးငါးဆယ်ကေကိုရိတ်သိမ်းပြီးကာမှ ကွင်းထဲမှာပဲ ကောက်လှိုင်းပုံဘဝမှာပဲ ရှိသေးတဲ့ အခြေအနေမှာ မိုးရွာတော့ လှန်းဖို့လည်း အချိန်မမီတာတွေ့ရတယ်။ အားလုံးကသီးထပ်မြေတွေကြီးပဲ။ မိုးစပါးနည်းနည်း လက်လွှတ်တာများတဲ့အတွက် နွေစပါးအစားစိုက်တဲ့လူတွေ အခုချိန်မှာတော့ လယ်တွေတော်တော်များများ ပျက်ဆီးဆုံးရှုံးနေတယ်လို့လည်း ပြောကြတယ်။"

လွန်ခဲ့တဲ့လေးရက်လောက်ကလည်း ဘိုကလေးမြို့နယ် ကျွန်းသာယာကျေးရွာ ဘက်မှာလည်း ကွက်ကျားလေဆင်နှာမောင်း တိုက်ခိုက်သွားတဲ့အတွက် အိမ်အလုံး ၃၀ လောက် ပျက်စီးသွားတယ်လို့ သူကပဲ ဆက်ပြောပါတယ်။ ဧရာဝတီတိုင်း လပွတ္တာမြို့နယ်မှာလည်း အခုရက်ပိုင်းလေပြင်းတိုက်ပြီး မိုးရွာသွန်းတာကြောင့် တချို့တာပေါ်လင်အမိုးနဲ့မိုးထားတဲ့ အဆောက်အအုံတချို့ပျက်စီးမှုရှိပြီး ဆားလုပ်ငန်းရှင်တွေကလည်း လုပ်ငန်းရပ်နားထားရတယ်လို့ မြို့ခံတဦးက ပြောပါတယ်။ မန္တလေးတိုင်းမှာလည်း မနေ့ညက ၁၁ နာရီကနေ ၁၂ နာရီလောက်တိ မိုးသက်လေးပြင်း ရောက်ခဲ့တဲ့အတွက် ပျက်စီးမှုအနည်းငယ် ရှိခဲ့တယ်လို့ မြို့ခံတဦးက ပြောပါတယ်။

ရန်ကုန်မြို့မှာလည်း အချိန်အခါမဟုတ် လေတိုက်ပြီး မိုးရွာတာကြောင့် ရန် ကုန်မြို့ရဲ့ အအေးဓာတ် ပုံမှန်ထက် ထူးခြားနေတယ်လို့ ရန်ကုန်မြို့ခံတဦးက ဆိုပါတယ်။ မိုးလေဝသနဲ့ ဇလပေဒဦးစီးဌာနရဲ့ ထုတ်ပြန်ချက်အရ မနက်ဖြန် ညနေအထိ မွန်ပြည်နယ်မှာ နေရာကွက်ပြီး မိုးကြိုးနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနဲ့ ကချင်းပြည်နယ်တွေမှာ နေရာကွက်ကြား၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနဲ့ ရခိုင်ပြည်နယ်တွေမှ နေရာကျဲကျဲ မိုးရွာနိုင်ပြီး ကျန်တိုင်းနဲ့ ပြည်နယ်တွေမှာ နေရာစိတ်စိတ်နဲ့ နေရာအနှံ့ အပြားမိုးထစ်ချုပ်ရွာနိုင်တယ်လို့ ထုတ်ပြန်ထားပါတယ်။

# မြန်မာနိုင်ငံဆိုင်ရာ အကြံပေးပုဂ္ဂိုလ် အချိန်ပြည့် ခန့်အပ်နိုင်ရေး ကုလစဉ်းစား

**VOA ၊ မတ်လ ၁၇ ။** ။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်တဦး အမြန်ဆုံးခန့်အပ်ဖို့ ဒေါ်အောင်ဆန်းစုကြည်က မကြာသေးမီက သတင်းမီဒီယာကို ပြောကြားခဲ့တာနဲ့ပတ်သက်ပြီးကုလသမဂ္ဂအနေနဲ့ဒီကိစ္စကိုလက်ခံသဘောပေါက်တဲ့အကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ပြောခွင့်ရသူက ကြာသပတေးနေ့က သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။ အပြည့်အစုံကို ဒေါ်လှလှသန်းက တင်ပြပေးထားပါတယ်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Ban Ki-moon အနေနဲ့ မြန်မာနိုင်ငံရေးရာကို နက်နက်နဲနဲစောင့်ကြည့် လေ့လာသွားနိုင်မယ့်အချိန်ပြည့်တာဝန်ယူနိုင်မယ့်သူကို ခန့်အပ်ရင် မြန်မာနိုင်ငံရဲ့အခြေအနေမှန်ကိုတိတိကျကျသိမှာဖြစ်တဲ့အတွက်အမြန်ဆုံးအချိန်ပြည့်အကြံပေးပုဂ္ဂိုလ်တဦးကိုခန့်အပ်ဖို့ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က သတင်းမီဒီယာကို မကြာသေးမီကပြောကြားခဲ့တာဖြစ်ပါတယ်။

၂၀၁၀ ခု၊ ဇန်နဝါရီလကစလို့ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Gambari ရာထူးကနုတ်ထွက်ခဲ့ပြီး ဒါဖော်ဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းတွေကို လွှဲပြောင်းတာဝန်ယူခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့နေရာမှာ အတွင်းရေးမှူးချုပ်ရဲ့ရုံးဝန်ထမ်းအရာရှိချုပ်လည်းဖြစ်တဲ့ အိန္ဒိယနွယ်ဖွား Mr Vijay Nambiar ကို ပူးတွဲတာဝန်ယူဖို့ လွှဲပြောင်းပေးအပ်ခဲ့တာ ဖြစ်ပါတယ်။

ကုလ အတွင်းရေးမှူးချုပ်ရဲ့ပြောခွင့်ရပုဂ္ဂိုလ် Martin Nesirky က အခုလိုတိုက်တွန်းချက်တွေကို နားလည်သဘောပေါက်တဲ့ အကြောင်း သတင်းထောက်တွေကို ပြောခဲ့ပါတယ်။

"ကုလသမဂ္ဂအနေနဲ့ မကြာခဏပဲ ပြောကြားခဲ့ပြီးပါပြီ။ ထင်ရှားလှတဲ့ ဒေါ်အောင်ဆန်းစုကြည်က အခုလိုပြောခဲ့တဲ့အပြင် အတွင်းရေးမှူးချုပ်ရဲ့ မြန်မာ့မိတ်ဆွေများ အဖွဲ့ဝင်နိုင်ငံတချို့ကလည်း ဒီလိုမျိုးအကြံဉာဏ်တွေကို ပေးခဲ့ဖူးပါတယ်။ အတွင်းရေးမှူးချုပ်အနေနဲ့ အခုလိုတဘက်က ပေးလာတဲ့ အကြံဉာဏ်တွေကို လက်ခံသဘောပေါက်ပြီး စဉ်းစားသုံးသပ်ပေးမှာ ဖြစ်ပါတယ်။"

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း Kofi Annan လက်ထက်က မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် အဖြစ် ၂၀၀၆ ခုနှစ်က စတင် တာဝန်ထမ်းဆောင်ခဲ့တဲ့ မစ္စတာ ဂမ်ဘာရီ အနေနဲ့မြန်မာနိုင်ငံအမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် ကြားဝင်ဆောင်ရွက်ပေးရာမှာ အောင်မြင်မှု မရရှိခဲ့လို့ ဝေဖန်ခံခဲ့ရတာဖြစ်ပါတယ်။

၂၀၁၀ မှာ သူနုတ်ထွက်ခဲ့ပြီးနောက်ပိုင်း လက်ရှိ သူ့နေရာမှာ ပူးတွဲ တာဝန်ထမ်းဆောင်နေသူ မစ္စတာ ဗီဂျေးနမ်ဘီယာဟာ မြန်မာနိုင်ငံကို ၂၀၁၀ နိုဝင်ဘာလ ရွေးကောက်ပွဲတွေအပြီး ပထမဦးဆုံး အကြိမ်သွားရောက်ခွင့်ရခဲ့ပါတယ်။ ထိုစဉ် နေအိမ်အကျယ်ချုပ်က လွတ်မြောက်စဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မြန်မာစစ်အစိုးရအရာရှိတွေနဲ့လည်း သူ တွေ့ဆုံခွင့်ရခဲ့ပါတယ်။

မစ္စတာနမ်ဘီယာ အနေနဲ့ မြန်မာနိုင်ငံခရီးစဉ်နဲ့ ပတ်သက်လို့ အောင်မြင်တဲ့ ထူးခြားမှုတွေမရရှိခဲ့ပါဘူး။ ဒါကြောင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မြန်မာ့မိတ်ဆွေများအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ ဗြိတိန်သံအမတ်ကြီး Mark Lyall Grant အပါအဝင်တခြားအဖွဲ့ဝင်နိုင်ငံအချို့တို့က အတွင်းရေးမှူးချုပ်အနေနဲ့ အချိန်ပြည့်အကြံပေး ပုဂ္ဂိုလ်တဦး ခန့်အပ်ဖို့ ဆွေးနွေး အကြံပေးခဲ့ကြတာဖြစ်ပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်တဦး အချိန်ပြည့်ခန့်အပ်နိုင်ဖို့ အရေးကြီးတဲ့အကြောင်း ပြည်ပရောက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ ကုလသမဂ္ဂရေးရာတာဝန်ခံ ဒေါက်တာသောင်းထွန်းက အခုလို သုံးသပ်ပါတယ်။

"ဒီနေ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေက တော်တော်လေး အကွေ့အပြောင်းမှာ ရှိနေပါတယ်။ တဘက်မှာလည်း ရွေးကောက်ပွဲအပေါ်မှာ ပြည်သူလူထုက မကျေနပ်မှုရှိနေတယ်။ ရွေးကောက်ပွဲက ထွက်ပေါ်လာတဲ့ပါလီမန်မှာလည်း ပြည်သူလူထုရဲ့အကျိုးစီးပွားအတွက် လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေလုပ်မယ့် အလားအလာတွေကို သိပ်မတွေ့ကြဘူးပေါ့။ ဒီအပေါ်မှာ နိုင်ငံရေးအရ အုံကြွမှုတွေအများကြီးဖြစ်ပေါ်လာနိုင်တယ်။

"တိုင်းရင်းသားဒေသမှာ တိုင်းရင်းသားအခွင့်အရေးပြဿနာကို နိုင်ငံရေးနည်းနဲ့မဖြေရှင်းဘဲနဲ့ စစ်ရေးနည်းနဲ့ဖြေရှင်းတဲ့အတွက် အခုဆိုရင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတွေကလည်း ပျက်မယ့်သဘောမျိုးရှိနေတယ်။ တိုက်ပွဲတွေလည်း စပြီးဖြစ်ပေါ်နေတယ်။ ဆိုတော့ ဒီလိုအနေအထားမျိုးမှာ ကုလသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံမှာ အင်အားစုအားလုံးပါဝင်တဲ့ အသွင်ကူးပြောင်းရေးတခုဖြစ်တယ်လို့ ပြောနေရုံလောက်နဲ့တော့ မလုံလောက်ဘူး။

"မစ္စတာနမ်ဘီယာ သွားပြီးတော့ အကြံပြုခဲ့တာတွေ ရှိတယ်။ ကုလသမဂ္ဂအထွေထွေညီလာခံမှာလည်း ဆွေးနွေးခဲ့တာတွေရှိတယ်။ ဒါပေမဲ့ ဒါတွေက အကောင်အထည်ပေါ်မလာတော့ ဒါတွေကို ဆက်တိုက်အကောင်အထည်ဖော်ဖို့အတွက် မြန်မာနိုင်ငံက ဒီမိုကရေစီ အင်အားစုတွေ၊ တိုင်းရင်းသားအင်အားစုတွေရော၊ လက်ရှိ စစ်တပ်ခေါင်းဆောင်တွေနဲ့ရော အိမ်နီးချင်းနိုင်ငံတွေနဲ့ပါ တော့တော့ဆိုင်ဆိုင် ဆွေးနွေးဖို့လိုတယ်။ ဒီအတွက် အချိန်ပြည့် လုပ်ဆောင်နိုင်တဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်တယောက် ခန့်အပ်ဖို့ အမြန်ဆုံး လိုအပ်နေပါတယ်။"

**စာမျက်နှာ ၂ မှ**

"မိုးတွေ တအားများနေတယ်လေ။ ပဲလည်းသိမ်းလို့မရ၊ စပါးလည်း သိမ်းလို့မရ၊ အကုန်လုံး ရေတွေမျောကုန်ပြီ။ ဘယ်နှစ်ဧကပျက်တယ်ဆိုတာ အများအပြားတော့ ကိုယ်လည်းမသိဘူး။ လက်ရှိကတော့ ပဲခူးတိုင်းအရှေ့ ကဝမြို့နယ်မှာ တော်တော်များများပျက်စီးတယ်။ ကျမကတော့ ၁၀ ဧကလောက် ပျက်စီးသွားတာပေါ့။ ကျန်တဲ့ လယ်သမားတွေလည်း တော်တော်များများပျက်စီးတယ်။"

မကွေးတိုင်းအတွင်းက ဒေသတွေမှာလည်း မိုးရွာသွန်းမှုတွေရှိခဲ့ပေမဲ့ တခြားဒေသတွေထက် စာရင်တော့ စိုက်ခင်း ပျိုးခင်းတွေပျက်စီးမှု နည်းခဲ့တယ်လို့ မကွေးတိုင်းအတွင်းက တောင်သူတွေက ပြောပါတယ်။ ဒါပေမဲ့ ပဲခင်းတွေ မရိတ်သိမ်းခင် မိုးရေထိခဲ့တာကြောင့် ပျက်စီးမှုအနည်းငယ်တော့ရှိခဲ့တယ်လို့ မကွေးတိုင်းအတွင်းကတောင် သူတဦးက ပြောပါတယ်။

# ကုလလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မြန်မာနိုင်ငံသွားရန် စီစဉ်

**RFA၊မတ်လ ၁၇။** ။မြန်မာနိုင်ငံက လူ့အခွင့်အရေး အခြေအနေတွေကို လာမဲ့ သုံးလအတွင်း သွားရောက်စုံစမ်းနိုင်ဖို့စီစဉ်နေပြီလို့ မြန်မာ နိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် Tomas Ojea Quintana က RFA ကို ဒီကနေ့ မတ်လ ၁၇ ရက်မှာပြောပါတယ်။

မစ္စတာကင်တားနား။ ။"မြန်မာအစိုးရက ကျနော် နောက်ထပ် သွားရောက်မဲ့ ခရီးစဉ်ကို လက်ခံတယ်ဆိုတာ ဂျီနီဗာမြို့ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ညီလာခံမှာ တရားဝင်ထုတ်ဖော်ပြောဆိုခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျနော့်အနေနဲ့ သွားရောက်မဲ့ ရက်အတိအကျနဲ့ ခရီးစဉ် အသေးစိတ်ပါဝင်တဲ့ အဆိုပြုချက် စာတစောင်လည်း မကြာခင် မြန်မာအာဏာပိုင်တွေထံ ပေးပို့ဖို့စီစဉ်နေပါပြီ၊ ဖွန်လမတိုင်ခင်သွားရောက်ဖို့ မျှော်လင့်ထားပါတယ်"

မစ္စတာ ကင်တားနားဟာ ၂၀၁၁ ခုနှစ်အတွက် မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာကို ပြီးခဲ့တဲ့ တနင်္လာနေ့က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ ညီလာခံမှာ ဖတ်ကြားတင်ပြခဲ့ပါတယ်။

သူ့ရဲ့ တင်ပြချက်ထဲမှာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေတွေ ဆက်လက်ဆိုးဝါးနေဆဲဖြစ်ကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ရပ်တန့်သွားအောင် အစိုးရက တာဝန်ယူဆောင်ရွက်မှုမရှိဘူးဆိုရင် နိုင်ငံတကာက ဝင်ရောက် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ အစိုးရသစ်အနေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဖော်ထုတ်ဖို့ တာဝန်ရှိကြောင်း ပြောဆိုခဲ့ပါတယ်။

ဒါ့ပြင်မစ္စတာကင်တားနားကရှေ့ဆက်လက်ဆောင်ရွက်သွားမဲ့ လုပ်ငန်းစဉ်မှာ အစိုးရသစ်နဲ့ဆွေးနွေးမှု မြှင့်တင်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဗျူဟာကို ချမှတ်အကောင်အထည် ဖော်သွားမယ်လို့ပြောပါတယ်။

မစ္စတာ ကင်တားနားဟာ မြန်မာနိုင်ငံက လူ့အခွင့်အရေး အခြေအနေတွေကို ပွင့်ပွင့်လင်းလင်း ထောက်ပြဝေဖန် ပြောဆိုတဲ့အတွက် စစ်အစိုးရက ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ထားတာ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလကတည်းက ဖြစ်ပါတယ်။

ဂျီနီဗာမြို့ ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီညီလာခံမှာ မစ္စတာကင်တားနား အခုနှစ်တင်သွင်းခဲ့တဲ့ အစီရင်ခံစာထဲမှာ ထူးခြားချက်အဖြစ် မြန်မာနိုင်ငံပညာရေးနဲ့ပတ်သက်လို့ အကျယ်တဝင့် ဖော်ပြထားတာ ဖြစ်ပါတယ်။

---

# လစာတိုးပေးရန် အစီအစဉ်မရှိသေး

**DVB ၊ မတ်လ ၁၈ ။** ။ လောလောဆယ်မှာ ပင်စင်စားတွေရော၊ ဝန်ထမ်းတွေရော လစာတိုးပေးဖို့အစီအစဉ်မရှိသေးဘူးလို့ ဒီနေ့ နေပြည်တော်မှာလုပ်တဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ အဆိုရှင်တဦးရဲ့ အမေးကို ဘဏ္ဍာအခွန်ဝန်ကြီးဦးလှထွန်းကပြန်လည်ဖြေကြားသွားတယ်လို့သိရပါတယ်။

ရန်ကုန်တိုင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်က "ပင်စင်လစာတွေ တိုးမြှင့်ပေးဖို့ဆွေးနွေးတော့ ဘဏ္ဍာအခွန်ဝန်ကြီးက ပိုက်ဆံမရှိဘူး၊ ငွေကြေးအဆင်မပြေဘူးလို့ပြောတော့ အဆိုရှင်ကလက်ခံပြီးတော့ သူ့အဆိုကို ပြန်ရုပ်သိမ်းလိုက်တယ်။ အဲဒါကြောင့် မဲခွဲတဲ့အဆင့်တောင် ရောက်မသွားပါဘူး။ လောလောဆယ်မပေးနိုင်ပါဘူး၊ သူတို့က လှအောင်ပအောင်ပြောပါတယ်။ အခုတော့ လစာလက်ရှိဝန်ထမ်းတွေကော၊ ပင်စင်စားတွေကော လစာတိုးဖို့အစီအစဉ် လောလောဆယ် မရှိသေးဘူးပေ့ါ။"

လွှတ်တော်မခေါ်ခင်ကတည်းက ဘတ်ဂျက်ဥပဒေက ထုတ်ပြန်ထားပြီး ဖြစ်နေတာမို့ နောင်လွှတ်တော်ခေါ်မှပဲ ဒီကိစ္စတွေ တင်ပြဆွေးနွေးခွင့်ရတော့မှာလို့လည်း ပြောပါတယ်။ ဒီနေ့အမျိုးသားလွှတ်တော်မှာတင်တဲ့ အဆိုနှစ်ခုစလုံး အဆိုရှင်တွေက ပြန်ရုပ်သိမ်းခဲ့ကြတာဖြစ်ပါတယ်။ နောက်အဆိုတခုဖြစ်တဲ့ ဝန်ထမ်းတွေကို စားကုန်သောက်ကုန်တွေ ဈေးနှုန်းချိုချိုသာသာနဲ့ဖြန့်ဝေပေးရေးအဆိုကို အဆိုတင်မယ့်ကိုယ်စားလှယ်က မတင်တော့ဘဲ ပြန်ရုပ်သိမ်းသွားတယ်လို့ ဦးဘုန်းမြင့်အောင်က ပြောပါတယ်။

"လမ်းဖောက်ပေးဖို့၊ တံတားဆောက်ပေးဖို့ လစာတိုးဖို့တို့ ပင်စင်တိုးဖို့တို့ကိစ္စတွေကလည်း လောလောတယ် မဖြစ်နိုင်သေးဘူးပေ့ါ။ ဟိုနေ့က ကိုယ်စားလှယ်တယောက် ပြောသလိုပေ့ါ။ တိုင်းပြည်ကို တကယ်ချမ်းသာတယ်ထင်တာ။ ဒါကြောင့် ပင်စင်ကိစ္စတိုးဖို့လို့ ကျနော်တင်တာပေ့ါ။ ဒါပေမယ့် အခုဝန်ကြီးရှင်းပြတော့လည်း ကျနော်တို့ တိုင်းပြည်က ထင်သလောက်မချမ်းသာမှန်း ကျနော်သဘောပေါက်ပါပြီ။ ဒါကြောင့် ကျနော့်ရဲ့ အဆိုကို ပြန်ရုပ်သိမ်းပါတယ်ပေ့ါ။"

---

# မုန်တိုင်း သတိပေးချက်ထုတ်ပြန်

**DVB ၊ မတ်လ ၁၈ ။** ။ မြန်မာနိုင်ငံအနှံ့အပြားမှာ အခုရက်ပိုင်းအတွင်း မိုးသက်လေပြင်း တိုက်ခတ်နိုင်တယ်လို့ မိုးလေဝသဌာနက ဒီနေ့သတိပေးထုတ်ပြန်ထားပါတယ်။

အပူရှိန်ကြောင့်ဖြစ်ပေါ်တဲ့ မိုးတိမ်တောင်တွေကနေ လေပြင်းတိုက်တာ၊ မိုးထစ်ချုန်းရွာတာ၊ လျှပ်စီးလက်တာ၊ နေရာကွက်ကျားမိုးထစ်ချုန်းရွာတာစတဲ့ မိုးလေဝသဖြစ်စဉ်တွေ ဖြစ်ပေါ်နိုင်တယ်လို့လည်း သတိပေးချက်မှာဖော်ပြထားပါတယ်။ အခုလို သတိပေးချက်ထွက်မလာခင် ပြီးခဲ့တဲ့အပတ်ထဲ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းနဲ့ ဒဂုံဆိပ်ကမ်းမြို့နယ်တွေမှာ လေပြင်းတိုက်ပြီး နေအိမ်တွေ ရာနဲ့ချီလဲပြိုခဲ့ပါတယ်။ ရန်ကုန်တိုင်း၊ ဒေါပုံနဲ့ သန်လျင်မြို့နယ်တွေထဲမှာ မိုးကြိုးပစ်ခံရလို့ လူ ၂ ဦး သေဆုံးခဲ့ပါတယ်။ အခုအချိန်မှာ အပူရှိန်ကြောင့် ဖြစ်ပေါ်လေ့ရှိတဲ့ မိုးတိမ်တောင်တွေကနေ လေပြင်းတိုက်၊ မိုးကြိုးပစ်စတဲ့ ရာသီဥတုဖြစ်စဉ်တွေ ဖြစ်ပေါ်နေတဲ့အကြောင်း၊ ဒါ့အပြင် အေးပြီးစွတ်စိုတဲ့ လာနီညာရာသီဥတုဖြစ်စဉ် သက်ရောက်နေတာတွေကြောင့်လည်းပါတယ်လို့ မိုးလေဝသပညာရှင်ဦးထွန်းလွင်က ရှင်းပြပါတယ်။

"ကျနော်တို့ မိုးလေဝသသဘောအရ လေထု မြေကြီးနဲ့ထိစပ်နေတဲ့ အလွှာက အပေါ်တက်ရင်အေးတယ်။ အေးတဲ့အခါမှာ ရေငွေ့ပါတဲ့ လေဖြစ်တော့ အရည်ဖွဲ့တာပေ့ါ။ အရည်ဖွဲ့တော့ တိမ်ဖြစ်တာပေ့ါ။ အရွယ်အစားသိပ်မကြီးဘူး။ သိပ်အားကောင်းပြီးတော့ အမြင့်က တော်တော်မြင့်သွားပြီဆိုရင်တော့ မိုးတိမ်တောင်ပေ့ါ။ အဲဒီမိုးတိမ်တောင်တွေက လျှပ်စီးလက်တယ်၊ မိုးခြိမ်းတယ်၊ မိုးကြိုးပစ်တယ်၊ လေပြင်းတိုက်တယ်၊ လေဆင်နှာမောင်း တိုက်တတ်တယ်။ ဒါတွေဖြစ်တတ်ပါတယ်။ အဲတော့ လောလောဆယ်တော့ အပူက သိပ်မပြင်းသေးတော့ လေဆင်နှာမောင်းတိုက်တဲ့ အဆင့်တောင်မရောက်သေးဘူး၊ ဒါပေမယ့် မိုးသက်လေပြင်းတိုက်တာရယ်၊ လျှပ်စီးလက်တာရယ်၊ မိုးခြိမ်းတာရယ်၊ မိုးကြိုးပစ်တာရယ်လောက်ကတော့ စဖြစ်နေပြီ။"

မုတ်သုန်ရာသီမကျရောက်ခင် ဖြစ်ပေါ်တတ်တဲ့ မိုးလေဝသဖြစ်စဉ်တွေကိုဂရုစိုက်နေထိုင်ကြဖို့ကိုလည်း လေပြင်းတိုက်မယ့် သတိပေးချက်မှာ နှိုးဆော်ထားပါတယ်။

# အဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် NDF ခေါင်းဆောင်များတွေ့ဆုံ

**VOA ၊ မတ်လ ၁၇ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ဟာ အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ပါတီခေါင်းဆောင် ၂ ဦးနဲ့ ဒီကနေ့ တွေ့ဆုံခဲ့ပါတယ်။ NDF ပါတီနဲ့ ပတ်သက်တာတွေကို ဒေါ်အောင်ဆန်းစုကြည်က စိတ်ဝင်တစား မေးမြန်းခဲ့တယ်လို့ တွေ့ဆုံပွဲမှာ ပါဝင်ခဲ့တဲ့ NDF ခေါင်းဆောင်တဦးက ဗွီအိုအေကို ပြောပါတယ်။ အပြည့်အစုံကို ဘန်ကောက်ကနေ စုံစမ်းထားတဲ့ ကိုကျော်ကျော်သိန်းက သတင်းပေးပို့ထားပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ NLDကနေ ခွဲထွက်သွားတဲ့ NDFပါတီ ခေါင်းဆောင် ၂ယောက်နဲ့ ဒုတိယဥက္ကဋ္ဌဦးတင်ဦးနေအိမ်မှာ မတ်လ ၁၇ ရက် ညနေပိုင်းကတွေ့ဆုံခဲ့တာပါ။ ဦးတင်ဦးနေအိမ်မှာ ဖြစ်ပေမဲ့ တွေ့ဆုံပွဲမှာ ဦးတင်ဦးမပါဘဲ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူဦးဝင်းထိန်ပါဝင်ခဲ့ပြီး NDFပါတီဘက်က ဦးခင်မောင်ဆွေနဲ့ ဒေါက်တာသန်းငြိမ်းတို့ ပါဝင်ခဲ့ပါတယ်။

ဒီတွေ့ဆုံပွဲကို အစည်းအဝေးလို့ ခေါင်းစဉ်မတပ်ဘဲ သာမန်တွေ့ဆုံပွဲအဖြစ်ပဲ ဦးခင်မောင်ဆွေက ပြောခဲ့ပါတယ်။

"ကျနော်တို့ NLD တုန်းက ဖြစ်ပျက်ခဲ့တဲ့ဟာတွေကို ရှင်းပြတာရယ်၊ ကျနော်တို့ပါတီ NDF ရဲ့ အကြောင်းအရာတွေ သူသိချင်တာတွေ မေးတာဖြေရပါတယ်။ ပြီးတော့ လွှတ်တော်ထဲမှာ ကျနော်တို့ NDF ရဲ့ လုပ်နိုင်ကိုင်နိုင်ချေတွေ ဘယ်လောက်ရှိလဲဆိုတာကို မေးတာလည်း ဖြေရပါတယ်။ အဲဒီလောက်ပါပဲဗျ။ ကျန်တာကတော့ အလာပ သလာပ ရေးပေါင်းနှောင်းဖြစ်တွေရော၊ ဒီလောက်ပါပဲ။"

NDF ခေါင်းဆောင်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ အခုတကြိမ်တွေ့ဆုံတာဟာဒုတိယအကြိမ်ဖြစ်ပြီးပထမအကြိမ်တုန်းကတော့ နိုင်ငံရေးကိစ္စတွေ၊ ပါတီကိစ္စတွေဘာမှမပါဘဲ သာမန်လူမှုရေးကိစ္စတွေပဲပြောဆိုခဲ့ကြတယ်လို့ ပြောခဲ့ဖူးပါတယ်။ အခုတကြိမ်မှာ အဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က NDF ပါတီနဲ့ ပတ်သက်လို့ ပိုပြီး စိတ်ဝင်တစား မေးမြန်းခဲ့သလို တွေ့ဆုံပွဲအပေါ် အားရကျေနပ်တယ်လို့ ဦးခင်မောင်ဆွေက ပြောပါတယ်။

"သူကလည်း သိချင်တယ်ဗျ၊ ကျနော်တို့ ပါတီတွင်းကိစ္စနဲ့ ပတ်သက်ပြီး သူကလည်း သိချင်စရာတွေဖြစ်လာတာကိုး။ လွှတ်တော်ထဲမှာ ပြောတာ ဆိုတာတွေကြားနေတာကိုး။ ရယ်စရာ မောစရာတွေနဲ့ ကျနော်တို့ကို နောက်တာလည်း ရှိတာပေါ့။ နောက်တာလည်းရှိတယ်၊ အပြစ်တင်တာလည်း ရှိတာပေါ့ဗျာ။ အရမ်းကောင်းပါတယ်။ ကျနော်တို့ခေါင်းဆောင်ပဲဗျာ။

"အခုလည်း ကျနော်တို့က တွေ့တဲ့အခါမှာ နိုင်ငံရေးအရရော၊ လူမှုရေးအရရော အားလုံး ခင်ခင်မင်မင်ဖွဲ့ဖွဲ့စည်းစည်း ရှိပါတယ်၊ ပြောရဆိုရတာ။ သူလည်း တော်တော်များများကြီး နားလည်နေပါတယ်။ အားလုံးရဲ့ အခြေအနေကို ခြုံငုံပြီး သိနေပါတယ်။ အင်အားအပေါ်ကို နားလည်လာလေ ကျနော်တို့အပေါ်ကို ပိုပြီး အမြင်ရှင်းလာလေပေါ့။ ပြီးတော့ သဘောပေါက်တာကို သိရတဲ့အတွက် ကျနော် ဝမ်းသာစရာဖြစ်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်က မလွှတ်မြောက်ခင်လေးမှာ ၂၀၁၀ ရွေးကောက်ပွဲဝင်ရေးမဝင်ရေးနဲ့ပတ်သက်လို့သဘောထား ကွဲလွဲပြီး ဦးခင်မောင်ဆွေတို့က ခွဲထွက်သွားပြီးတော့ NDF ပါတီကို ထူထောင်ခဲ့တာပါ။ အဲဒီအချိန်တုန်းက နှစ်ဘက်အကြားအပြန်အလှန် စကားစစ်ထိုး တိုက်ခိုက်တာတွေရှိခဲ့ဖူးပါတယ်။

အခုအခြေအနေမှာတော့ NLD က ရွေးကောက်ပွဲ မဝင်တဲ့အတွက်မြန်မာစစ်အစိုးရရဲ့ ဥပဒေအရတရားဝင်နိုင်ငံရေးပါတီတခုအဖြစ်ဆက်ရှိမနေတော့ဘဲ NDF ကတော့ အနိုင်ရ လွှတ်တော်ကိုယ်စားလှယ်တွေလည်းရှိနေတဲ့ တရားဝင် နိုင်ငံရေးပါတီတခုဖြစ်ပါတယ်။ NLD အနေနဲ့ ပါတီတရားဝင်ရပ်တည်ရေးကိစ္စ မြန်မာတရားရုံးတွေရဲ့ဆုံးဖြတ်ချက်ဟာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အချက်တွေကို ချိုးဖောက်တယ်ဆိုပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကို တင်ပြဖို့ ပြင်ဆင်နေတာလည်း ဖြစ်ပါတယ်။

---

# အဆိုနှင့် မေးခွန်း တင်သွင်းမှုရပ်တန့်

**DVB ၊ မတ်လ ၁၇ ။** ။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တွေရဲ့ လွှတ်တော်အလိုက် အစည်းအဝေးတွေ မကြာခင်ပြီးဆုံးတော့မယ်လို့ အစည်းအဝေးတက်နေတဲ့ ကိုယ်စားလှယ်အချို့က ပြောပါတယ်။ ဒါနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအင်အားစုပါတီရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်က အခုလိုပြောပါတယ်။

"လွှတ်တော်က ဒီအပတ်လွှတ်တော်အတွက် အဆိုတင်သွင်းဖို့အနေနဲ့ ရပ်ထားတယ်ပြောတယ် ကျနော်ကြားတာက။ အဲဒီအဆိုတွေမေးခွန်းတွေဆိုတာ ၁၀ ရက်ကြိုတင်ရတာပေါ့။ ၁၀ ရက်ကြိုတင်ရတာရပ်ထားတယ်ဆိုတော့ လွှတ်တော်က ၁၀ ရက်အတွင်းပဲ ပြီးတော့မယ်ထင်ပါတယ်။ ကျနော်တို့ယူဆတာက အဆိုတွေ မေးခွန်းတွေကို သူတို့တင်တာ လက်မခံဘူးဆိုတဲ့ အတွက် လွှတ်တော်ကြီးက ပြီးတော့မယ့်ပုံပေါ်နေတာပေါ့နော်။"

လွှတ်တော်အစည်းအဝေးတွေ ပြီးဆုံးပြီဆိုရင်တော့ လွှတ်တော်နှစ်ရပ်ပေါင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပဖို့ရှိနေပြီး ဒီတကြိမ် ပြည်ထောင်စုလွှတ်တော်မှာလည်း အဆိုတင်တာနဲ့ မေးခွန်းမေးမြန်းတာတွေကို ပြုလုပ်ဖို့များတယ်လို့လည်း အခြားလွှတ်တော်ကိုယ်စားလှယ်အချို့ကဆိုပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာ မေးမြန်းတင်သွင်းမယ့် အဆိုတွေနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်က အခုလို ခန့်မှန်းပြောဆိုပါတယ်။

"ပြည်ထောင်စုလွှတ်တော်မှာ တင်မယ်ဆိုလို့ရှိရင်ကတော့ တချို့မီတာလေးတွေ ရှိသေးတယ်။ ပြည်ထောင်စုလွှတ်တော်က နောက်မှ ပေါင်းလုပ်မှာကိုး။ အဲဒီကျ သူက ပေါ်လစီဆိုင်ရာလေးတွေ ဘာတွေဖြစ်လာဖို့ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမှာကျတော့ Amnesty ဘာညာကို တင်ထားကြတာလေ။ နည်းနည်းမြင့်သွားတာပေါ့။ ပြည်ထောင်စုလွှတ်တော်က ဖြေရှင်းရမယ့် အဆင့်မျိုးဖြစ်သွားတာပေါ့။"

လွှတ်တော်ရုံးအသီးသီးက လွှတ်တော်ကိုယ်စားလှယ်တွေ တင်သွင်းထားတဲ့မေးခွန်းတွေ အဆိုတွေရဲ့ခေါင်းစဉ်အမည်တွေကို တရက်သာကြိုတင်ပြီး ထုတ်ပေးနေသလို ကြိုတင်ထုတ်ပြန်ပေးခြင်းမရှိတာကြောင့် ဆွေးနွေးဖို့အချက်အလက်စုဆောင်းချိန် နည်းပါးနေရတယ်လို့လည်း အခြားကိုယ်စားလှယ်အချို့က ဆိုပါတယ်။ လာမယ့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွေမှာ အဆိုနဲ့ မေးခွန်းတွေရဲ့ ခေါင်းစဉ်တွေကို လွှတ်တော်ရုံးက ကြိုတင်ထုတ်ပြန်ပေးစေချင်တယ်လို့လည်း သူတို့တွေကဆိုပါတယ်။ လက်ရှိအခြေအနေမှာတော့ လွှတ်တော် အစည်းအဝေးတွေကို ဒီလ (၁၇) ရက်နေ့ကနေ (၂၀) ရက်နေ့အထိရပ်နားထားပြီး (၂၁) ရက်နေ့မှာ ပြန်လည် ကျင်းပဖို့ရှိပါတယ်။

# ဆူနာမိ လှိုင်းကြားမှ မြန်မာသင်္ဘောသား ၁၂ ဦးကို ဂျပန်ရေတပ်က ကယ်ဆယ်

**RFA ၊ မတ်လ ၁၅ ။** ။ မြန်မာ သင်္ဘောသား ၁၂ ယောက်ပါတဲ့ သင်္ဘောတစီးကို ဂျပန်ငလျင်ကြောင့် နောက်ဆက်တွဲ လိုက်လာတဲ့ ဆူနာမီရေလှိုင်း ဘေးရန်ကနေ ဂျပန်ကမ်းခြေစောင့်တပ်က ကယ်ဆယ် နိုင်ခဲ့တယ်လို့ စုံစမ်း သိရှိရပါတယ်။

သင်္ဘောအမည်မှာ MV Golden Grace ဖြစ်ပြီး ပနားမားနိုင်ငံ အလံလွှင့်ထူထားကာ ဓာတုပစ္စည်းတွေ တင်ဆောင်တဲ့ သင်္ဘောဖြစ်ပါတယ်။ မြန်မာသင်္ဘောသား ၁၂ ယောက် အပြင် တောင်ကိုရီးယား ၆ ဦးလည်း ပါဝင်တယ်လို့ ထိုင်းနိုင်ငံအခြေစိုက် မြန်မာနိုင်ငံ ပင်လယ်ပျော်များသမဂ္ဂအဖွဲ့ ဥက္ကဋ္ဌကိုသူရက ပြောပါတယ်။

"အဲဒီ သင်္ဘောက ခရီးမားဆိုတဲ့ နေရာနားလောက်မှာ ဒီဆူနာမိကြောင့်ပေါ့လေ ပျက်စီးတော့မဲ့အနေအထားမှာ ဒီ coast guard ကနေပြီးတော့ ဂျပန်ရဲ့ coast guard ကနေ ကယ်တင်နိုင်ခဲ့တယ် ပေါ့လေ။ နောက် သင်္ဘောပေါ်မှာ ပါလာတဲ့ ကိုရီးယား ၆ ယောက်ရယ်၊ ဗမာ ၁၂ ယောက်ရယ်ပေါ့လေ၊ အားလုံး သင်္ဘောသားအားလုံး လုံလုံ ခြုံခြုံ ဘေးအန္တရာယ် ကင်းကင်းရှင်းရှင်း ရှိတဲ့အကြောင်းပါလာ တယ်ပေါ့လေ။ အဲဒီ ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့အဖွဲ့အနေနဲ့ ပေါ့လေ၊ ဒီသင်္ဘောသားတွေရဲ့ မိသားစုတွေ ကိုယ့်သင်္ဘောသားသား တွေ ဘေးကင်းလုံခြုံမှုရှိကြောင်း ဆိုတဲ့ဟာကို ကျွန်တော်တို့ သိစေချင် တာပေါ့လေ။"

မြန်မာနိုင်ငံက သင်္ဘောသားတွေရဲ့ မိဘဆွေမျိုးသားချင်းတွေ စိတ်ပူပင်သောကရောက်နေမှာစိုးရိမ်လို့ခုလိုအကြောင်းကြားခဲ့တာလို့ ကိုသူရပြောပါတယ်။ အမည်စာရင်း အတိအကျနဲ့ပတ်သက်လို့တော့ ကိုသူရက အခု လို ဆက်ရှင်းပြသွားပါတယ်။

"ငလျင်ရယ်၊ ဆူနာမိရယ်ဖြစ်တာကြောင့် ထိခိုက်သွားတဲ့ သင်္ဘောစာရင်းရယ်၊ သင်္ဘောပေါ်မှာ ပါတဲ့ ဒီ သင်္ဘောသားတွေ၊ ဥပမာ အားဖြင့် ဂျပန်တွေလည်း ပါတယ်ပေါ့နော်၊ တရုတ်တွေလည်းပါတယ် ပေါ့လေ၊ ပြီးလို့ရှိရင် ဖိလစ်ပိုင်တွေလည်းပါတယ်၊ ဆိုတဲ့အနေအထား လောက်ပဲ။ ဘယ်နှစ်ယောက်ပါတယ်ဆိုတဲ့အနေအထားရယ်၊ ဘယ်နေ ရာနားမှာ ဖြစ်တာလဲဆိုတဲ့ဟာရယ်၊ သူတို့ ကယ်တင်ထားလိုက်နိုင် တယ်ဆိုတာလောက်ပဲ ပါသေးတယ်ခင်ဗျ။ ဆိပ်ကမ်းနာမယ်ပေါ့နော်၊ ပြီးရင် ဒီ crew တွေရဲ့ အရေအတွက်ပေါ့လေ။ ပြီးရင် ဘာကုမ္ပဏီက သင်္ဘောလဲ ဆိုတဲ့ဟာပေါ့လေ။ အဲလိုမျိုးဟာပဲပါတယ်။"

# မေးခွန်းအဆိုများ တင်သွင်းမှုကန့်သတ်

**DVB ၊ မတ်လ ၁၅ ။** ။ နိုင်ငံအခြေအနေနဲ့ ကိုက်ညီမှုရှိတဲ့ မေးခွန်းနဲ့ အဆိုတွေကိုသာ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ တင်သွင်းကြဖို့ ပြည်သူ့လွှတ်တော်ရဲ့ ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောကြား လိုက်ပါတယ်။

ဒီကနေ့ပြုလုပ်တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေး အမေးအဖြေနဲ့ အဆိုတွေ ဆွေးနွေးအပြီး အခုလို မှတ်ချက်ပေး ပြောကြားလိုက်တာ ဖြစ်ပါတယ်။ ဒီလို ပြောကြားလိုက်တာနဲ့ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်က အခုလို ပြောပြပါတယ်။

"ဦးသူရရွှေမန်းကလည်း ဥက္ကဋ္ဌရဲ့ မှတ်ချက်လေးတွေပေးတယ်။ အဲဒီမှာ တော့ အိမ်နီးချင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ပြီး ပြောတဲ့ဆိုတဲ့ကိစ္စတွေမှာ ဒေတာတွေ က ကိုယ်လိုရာ ဆွဲတာမဖြစ်ဖို့နဲ့မှန်ဖို့ဆိုတဲ့ အနေအထားလေးတွေနဲ့ စေတ နာမှန်ဖို့ပေါ့၊ အဲဒါလေးတွေတော့ လိုအပ်တယ်ပေါ့။ စည်းကမ်းပြည့်စုံတဲ့ နိုင်ငံ တော်လွှတ်တော်ကြီးမှာ အခုလို လွှတ်လွှတ်လပ်လပ် ပွင့်ပွင့်လင်းလင်းနဲ့ ဆွေး နွေးပြောဆိုကြတဲ့ အတွက်ကြောင့်လည်း ဒါဟာ မွန်မြတ်ပါတယ်ပေါ့။ အဲလိုမျိုး ဆိုထားတယ်၊ လက်တွေ့ကျဖို့ ကိစ္စလေးတွေပေါ့၊ နိုင်ငံအနေအထားနဲ့ အဲဒါ လေးတွေ ထည့်ပြောသွားတယ်။"

နိုင်ငံတော်ရဲ့ ဘတ်ဂျက်အသုံးစရိတ်တွေထဲက စိုက်ထုတ်လုပ်ဆောင် ရမယ့် စီမံကိန်းတွေနဲ့ အကောင်အထည်ဖော်ရမယ့် လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်တဲ့ အဆိုနဲ့ မေးခွန်းတွေမှာ တိုင်းပြည်ရဲ့အခြေအနေနဲ့ ကိုက်ညီမှုမရှိတဲ့ အ ချက်အလက်တွေကို တွေ့နေရတဲ့အတွက် သူရ ဦးရွှေမန်းက အခုလို ပြောကြား လိုက်တာဖြစ်တယ်လို့လည်း ဦးကြည်မြင့်က ဆက်ပြောပါတယ်။ အစိုးရဘက်က တိုင်းပြည်အခြေအနေနဲ့ ကိုက်ညီမှုမရှိဘူးလို့ သတ်မှတ်ထားတာကြောင့်လည်း စီမံကိန်းတွေနဲ့ပတ်သက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အမေးအဆိုတွေ ကို အစိုးရဘက်ကလက်ခံတာ နည်းပါးနေတယ်လို့လည်း အမျိုးသားလွှတ်တော် က ကိုယ်စားလှယ်ဦးဘုန်းမြင့်အောင်က ဆိုပါတယ်။

"ဘာသာရေးနဲ့ ဆိုင်တဲ့ကိစ္စတွေပေါ့၊ လမ်းကိစ္စ၊ ငွေကြေးကုန်ကျများမယ့် ကိစ္စတွေကတော့ သူတို့ထင်သလောက်မရဘူးပေါ့။ လစာတိုးဖို့ကိစ္စ၊ ပင်စင်တိုး ဖို့ကိစ္စတွေ လမ်းဖောက်ဖို့ တံတားဖောက်ဖို့ကိစ္စတွေကတော့ငွေကြေး အကုန် အကျများမယ့်ကိစ္စတွေတော့ လိုချင်တယ်။ မရကြဘူးပေါ့။အဲဒါတွေ့ရပါတယ်။"

ဒီကနေ့လုပ်သွားတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွေမှာ မေးခွန်း ၅ ခုကို ကိုယ်စားလှယ်တွေဘက်က မေးမြန်းခဲ့ကြပြီး အဲ့ဒီထဲက အခြေခံပညာ ကျောင်းတွေရဲ့ ကြံ့ခိုင်ရေးကို ပညာရေးဝန်ကြီးဌာနအနေနဲ့ ထိန်းသိမ်းဆောင် ရွက်ပေးဖို့ မေးခွန်းကို လုပ်ဆောင်ပေးမယ့်အကြောင်း ပညာရေးဝန်ကြီး ဒေါက် တာချမ်းငြိမ်းက ပြန်လည်ဖြေကြား ခဲ့ပါတယ်။ အဆိုတွေမှာဆိုရင်လည်း နိုင်ငံ လုံးအဆင့် သန်ခေါင်စာရင်းကောက်ယူဖို့နဲ့ ပညာရေးကဏ္ဍမှာ အလယ်တန်း အဆင့်အထိ မသင်မနေရပြဋ္ဌာန်းဖို့ အဆိုတွေ ပြန်လည်ရုပ်သိမ်းခဲ့ကြရပါတယ်။

# ဓားပြ ၁၀ ဦးကို သေဒဏ်ချမှတ်

**DVB ၊ မတ်လ ၁၅ ။** ။ ပြီးခဲ့တဲ့နှစ် မေလ ၁၆ ရက်နေ့က ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာမှာ ဖြစ်ပွားခဲ့တဲ့ ဓားပြတိုက်မှု၊ လူသတ်မှု တွေနဲ့ပတ်သက်ပြီး ကျူးလွန်သူ ၁၀ ဦးကို သေဒဏ်ချမှတ် လိုက်ပါတယ်။

ပြီးခဲ့တဲ့ မတ် ၇ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်တရား ရုံးက စီရင်ချက်ချမှတ်လိုက်တာလို့ ဒီတပတ်ထုတ် မြန်မာတိုင်း (မ်) သတင်းမှာ ဖော်ပြထားပါတယ်။ အဲဒီဓားပြမှုမှာ ကျူးလွန်သူ ၁၂ ဦးအနက် ခေါင်း ဆောင်အေးသန်းဟာ အခင်းဖြစ်တဲ့နေ့က ရွာသားတွေ ဝိုင်းရိုက်လို့ သေခဲ့ရပြီး ကျန်တရားခံမောင်မောင်ကို တရားခံပြေးကြေညာထားပါတယ်။ အဲဒီတရား ခံတွေဟာ သေနတ်၊ လက်ပစ်ဗုံးတို့နဲ့ ပစ်ခတ်တဲ့အတွက် ရွာသားတွေ သေဆုံး ကြရလို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၆ ကျူးလွန်တာ ပေါ်လွင်လို့ သေဒဏ် အသီးသီးကျခံစေဖို့ အမိန့်ချမှတ်လိုက်တာလို့ မြန်မာတိုင်း(မ်) သတင်းမှာ ဖော်ပြထားပါတယ်။

ပြီးခဲ့တဲ့နှစ် မေလ ၁၆ ရက်နေ့မှာ ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေး ရွာနေ ဒေါ်ကြွက်မ (ခေါ်) ဒေါ်သိန်းမြင့်ရဲ့ နေအိမ်ကို ဝင်ရောက်ဓားပြတိုက်ရာမှာ ရွာသားတွေက ဝိုင်းလိုက်ကြတဲ့အတွက် ဓားပြတွေက ဗုံးတွေသေနတ်တွေနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့လို့ ၂ ဦးပွဲချင်း သေဆုံးပြီး ၁၃ ဦးဒဏ် ရာရရှိခဲ့ပါတယ်။ ဒဏ်ရာရသူထဲက တဦး ဆေးရုံရောက်ပြီးနောက် ထပ်မံသေဆုံး ခဲ့ပါတယ်။ ဒီဓားပြတွေဟာ စစ်စိမ်းရောင် အဝတ်အစားတွေနဲ့အကောမောင်း ပြန်ရိုင်ဖယ် တွေကိုအသုံးပြုပြီး ငွေဆယ့်သုံးသိန်းနဲ့ ရွှေထမတ်သားယူသွားခဲ့တာလို့ သတင်း က ဆိုပါတယ်။




# သတင်းဖြစ်စဉ်

**မတ် ၁၃ ၊ AP ။ ။** ရောဝတီ ၏ ဝက်ဗ်ဆိုက်အား မသာမာသူများ ဝင်ရောက်၍ မမှန်ဆောင်းပါးများ တင်ခဲ့ကြောင်း ရောဝတီမှဆို၏။

**မတ် ၁၄ ၊ Mizzima/RFA ။ ။** လျှပ်စစ်အားဖြတ်မှုများကြောင့် မော်လမြိုင်တက္ကသိုလ်ကျောင်းသာများ ဒုတိယအကြိမ်ဆန္ဒပြ၍ အာဏာပိုင်များမှ မီးသိပ်မဖြတ်တော့ဟုဆိုကြောင်း။

**မတ် ၁၄ ၊ NZ ။ ။** နျူဇီလန် ဟာဒယာပညာရှင် Michael A’Court နှင့် **J**eremy Elwood တို့သည် Amnesty International နှင့် တွဲဖက်၍ ၃၃ နှစ် နိုင်ငံရေးအကျဉ်းကျ ဟာဒယပညာရှင် ဇာဂနာအကြောင်း ဟောပြောမည်။

**မတ် ၁၄ ၊ MANILA ။ ။** မြန်မာအပါအဝင် ၁၀ နိုင်ငံအား အင်တာနက်၏ ရန်သူနိုင်ငံများဟု အပြည်ပြည်ဆိုင်ရာမီဒီယာအဖွဲ့ Reporters without Borders မှ ထုတ်ပြန်ကြေညာ၏။

**မတ် ၁၄ ၊ EarthTimes ။ ။** ဥရောပသမဂ္ဂသည် ထိုင်းရှိ မြန်မာဒုက္ခသည်များအား လူသားချင်းစာနာမှုအကူအညီမှလုပ်ငန်းခွင်ကျွမ်းကျင်ရေးသို့ကူးပြောင်းမည်။

**မတ် ၁၅ ၊ RGN ။ FIFA** ဥက္ကဌ **Sepp Blatter** သည် ယနေ့မှစ၍ မြန်မာသို့ ၂ ရက်ခရီးရောက်လာ၏။

**မတ် ၁၅ ၊ PARIS ။ ။** ဇာဂနာအား ပါရီတွင် ကျင်းပသည့် နိုင်ငံတကာလူ့အခွင့်အရေး ရုပ်ရှင်ပွဲတော်မှ လူ့အခွင့်အရေးလုပ်ရှားသူအနုပညာရှင်ဆုကို မတ် ၁၅နေ့တွင်ချီးမြှင့်၏။

**မတ် ၁၅ ၊ Irrawaddy ။ ။** ၈၈မျိုးဆက်မှ နိုင်ငံရေးအကျဉ်း ၆၅ နှစ်ကျနေသူ မသက်သက်အောင်သည် သွေးတိုးဗိုက်နာရင်အောင့်ဖြစ်နေသည်မှာ တလကျော်ပြီဖြစ်သော်လည်း ဆေးကုခွင့်မရသေးကြောင်း မိခင်ဖြစ်သူမှဆို၏။

**မတ် ၁၆ ၊ Gulf Times ။ ။** မြန်မာအပေါ် ပိတ်ပင်မှုများရုတ်သိမ်းရေးနှင့်ပတ်သက်၍ ဥရောပသမဂ္ဂ ၂၅ နိုင်ငံသံတမန်များ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မြန်မာဒီမိုကရေစီခေါင်းဆောင်နှင့် လှုပ်ရှားသူများနှင့် တွေ့ ဆုံဆွေးနွေးခဲ့၏။

**မတ် ၁၆ ၊ Mizzima ။ ။** ကမ္ဘာတလွှားဖြစ်နေသည့် အာဏာရှင်ဖြုတ်ချရေး ဒီမိုကရေစီရေးဆန္ဒပြပွဲ မြန်မာသို့ကူးစက် ပြန့်နိုင်ကြောင်း ဦးဝင်းတင်သည် အင်တာဗျူးတွင်ဆို၏။

**မတ် ၁၆ ၊ Mizzima ။ ။** UWSA ဝ တပ်သည် နအဖ၏ အကျပ်ကိုင်နေသည့် မိမိတို့တပ်အား နယ်ခြားစောင့်တပ်သို့အသွင်ပြောင်းရေးကို တွန်းလှန်နိုင်ကြောင်း အဖွဲ့ဒုဥက္ကဌ ကျန်ဝင်းကွမ်မှ ကိုယ်စားလှယ်၂၁၃ ဦးတက်ခဲ့သော ပန်ဆန်တွင် ကျင်းပသော ငါးရက်တာကွန်ဖရင့်တွင်ဆို၏။

**မတ် ၁၆ ၊ DVB ။ ။** လတ်တလောအဆက်အစပ်ရှိသောကိစ္စများကိုသာဆွေးနွေးရန် လွှတ်တောပြောရေးဆိုခွင့်ရှိသူ ဦးရွှေမန်းမှ အမတ်များ၏ မေးမြန်းချက်ကို ကန့်သတ် တဖက်လှည့်သတိပေး၏။

**မတ် ၁၆ ၊ RFA ။ ။** ဂျပန်သည် သဘာဝဘေးကြီးများနှင့် ရင်ဆိုင်နေရသော်လည်း မြန်မာသို့လူမှုရေးအကူအညီများ ရပ်တန့်မှုမပြုဘဲ ဆက်လက်ပေးနေမည်ဟု JICA ဂျပန် အပြည်ပြည်ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှဆို၏။

**မတ် ၁၆ ၊ RFA ။ ။** အခြားနိုင်ငံများနှင့် ဈေးချိုစွာဖြင့် ဖုံးပြောနိုင်သည့် Skype VZOChat စသည့် အင်တာနက်ဖုံးများကို နအဖမှ ပိတ်ပင်တားဖြစ်နေ၏။

**မတ် ၁၇ ၊ RFA ။ ။** တိုင်းရင်းသားများသည် နအဖအား မယုံသလို၊ နအဖမှလည်း တိုင်းရင်းသားအရေးအလေးမထား၍ ပြည်ထောင်စုစိတ်ဓါတ် ခိုင်မာသင့်သလောက်မခိုင်မာကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ သုံးသပ်ပြောဆို၏။

**မတ် ၁၇ ၊ RGN ။ ။** မြန်မာတရားရုံးသည် မြန်မာတိုင်းမှ ဒန်ကလေအား ကျန်းမာရေးချို့တဲ့မှုမတွေ့ ၍ အာမခံပေးရန် ငြင်းပယ်ခဲ့၏။

**မတ် ၁၇ ၊ Asian Tribune ။ ။** မြန်မာပါလီမံသစ်သည် အငြင်းပွားဖွယ်ဖြစ်သော စစ်မှုမထမ်းမနေရဥပဒေကို အတည်ပြုလိမ့်မည်။

**မတ် ၁၇ ၊ Irrawaddy ။ ။** စစ်ဦးစီးချုပ်ရာထူးအား စွန့်လွှတ်ပြီးနောက်ပိုင်းလည်း ဗိုလ်ချုပ်သန်းရွှေသည် State Supreme Council နိုင်ငံတော်(အထူး)ကောင်စီ၏ ချုပ်ကိုင်သူအဖြစ် ဖြစ်လာကာ တပ်မတော်နှင့် မြန်မာနိုင်ငံရေးကို ချုပ်ကိုင်ထားမည်ဖြစ်သည်။

**မတ် ၁၇ ၊ Mizzima ။ ။** နအဖအဆိုင့်ရှင်လုပ်ထားခံရသူများမှ ဖိတ်ကြားခြင်းကိုလည်းလက်ခံကာ မြန်မာသို့လာမည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဌ Sepp Blatter နှင့် အတွင်းရေးမှူး Jerome Valcke တို့အား မြန်မာဒီမိုကရေစီအင်အားစုအချို့မှ ပြစ်တင်၏။

**မတ် ၁၇ ၊ RFA ။ ။** မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေကို သုံးလအတွင်း သွားရောက်စုံစမ်းရန်စီစဉ်နေကြောင်း Tomas Ojea Quintana မှ RFA မှဆို၏။

**မတ် ၁၈ ၊ RFA ။ ။** မတ် ၁၇ နေ့တွင် NDF ခေါင်းဆောင်းများနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တနာရီခန့်တွေ့ ဆုံဆွေးနွေးခဲ့၏။

**မတ် ၁၈ ၊ RFA ။ ။** မွန်ဂိုလီယားသမတ Elbegdor သည် ဒေါ်အောင်ဆန်းစုကြည်အား မတ် ၁၇ နေ့က ဖုံးဆက်၍ ထောက်ခံအားပေးစကားဆိုကြောင်း မိုဂိုးလီးယားသမတရုံးမှ ထုတ်ပြန်၏။

**မတ် ၁၈ ၊ RFA ။ ။** NLD နှင့် ကျချင်ပြည်နယ်မှ စည်းရုံးရေးကော်မတီဝင်တို့ ပါတီဌာနချုပ်တွင် မတ် ၁၈ နေ့က ဆွေးနွေးခဲ့၏။

**မတ် ၁၈ ၊ DVB ။ ။** မတ် ၂၇ မှစ၍ နအဖသည် မြဝတီအမည်ဖြင့် နေ့ပြည်တော်မှနေ၍ သတင်းစာသစ် စတင်ထုတ်မည်။

**မတ် ၁၈ ၊ EarthTimes ။ ။** ဂျပန်ဒုက္ခသည်များအတွက် မြန်မာသည် ဒေါ်လာတသိန်း ဂျပန်သံအမတ်မှ တဆင့်လှူဒါန်း၏။

**မတ် ၁၈ ၊ DVB ။ ။**နအဖတပ်များသည် ရှမ်းတပ်များအား ရက်စက်စွာတိုက်နေရာ နှစ်ဖက်ကျဆုံးမှုများပြီး နအဖသည် ဖြတ်လေးဖြတ်စနစ်ကို သုံးနေကြောင်း NDF မှ ဝေဖန်၏။

# အီးယူ သံအရာရှိများ ဒေါ်အောင်ဆန်းစုကြည်နှင့် ခေါင်းဆောင်တချို့တွေ့ဆုံ

**RFA । မတ်လ ၁၅ ။** ။ မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူပိတ်ဆို့ထားတဲ့ EU ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေက သံအရာရှိတွေဟာ မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အရေးယူမှုပြန်ရုပ်သိမ်းဖို့ တောင်းဆိုထားတဲ့ နိုင်ငံရေးပါတီတွေကခေါင်းဆောင်တချို့နဲ့ပါရန်ကုန်မြို့က အီတလီသံရုံးမှာ မတ်လ ၁၅ ရက် ဒီကနေ့ နေ့လည်ကတွေ့ဆုံ ခဲ့ကြပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က RFA ကို အခုလို ပြောပါတယ်။

"ကျနော်တို့ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က မနက်က ၁၀ နာရီက ရန်ကုန်မြို့မှာ ရှိတဲ့ မြန်မာနိုင်ငံဆိုင်ရာ အီတလီ သံအမတ်ကြီးရုံးမှာ အီးယူနိုင်ငံများက သံအမတ်များနဲ့ တွေ့ဆုံပါတယ်။ ၁၂ နာရီအထိ အထွေထွေအတွင်းရေးမှူးနဲ့ ဆွေးနွေးအပြီးမှာ တခြားနိုင်ငံရေးပါတီက ခေါင်းဆောင်များလည်း ရောက်လာကြတယ်လို့ ပြောပါတယ်။ အဲဒီမှာ ဆက်လက်ပြီးတော့ အားလုံးပါဝင် ဆွေးနွေးကြတယ်လို့ အဲဒီလို ပြောပါတယ်။"

ဒီတွေ့ဆုံပွဲနဲ့ ပတ်သက်လို့ ဘာတွေ ဆွေးနွေးတယ်ဆိုတာ NLD ဘက်က သတင်းမထုတ်ပြန်ဘူးလို့ ပြောပါတယ်။

EU ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက မြန်မာစစ်အစိုးရရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကြောင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူပိတ်ဆို့ထားတာပါ။ ဒါနဲ့ ပတ်သက်လို့ ၂၀၁၀ ရွေးကောက်ပွဲဝင်ခဲ့တဲ့ နိုင်ငံရေးပါတီတချို့က အရေးယူမှု ပြန်ရုပ်သိမ်းဖို့တောင်းဆိုထားသလို၊ NLD ကလည်း စစ်ခေါင်းဆောင်တွေနဲ့ သူတို့ရဲ့ အပေါင်းပါ စီးပွားရေးသမားတွေကို ပစ်မှတ်ထားအရေးယူတဲ့ မူဝါဒအပေါ် ပါတီရဲ့ သဘောထားထုတ်ပြန်ထားပါတယ်။

ဒီနေ့ တွေ့ဆုံပွဲမှာ တပါတီချင်းရဲ့ သဘောထားတွေကို EU သံအရာရှိတွေကို ပြောပြခဲ့ကြတယ်လို့ တွေ့ဆုံပွဲ တက်ရောက်ခဲ့တဲ့ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးသုဝေက RFA ကို ပြောပါတယ်။ ဒါ့အပြင် ဦးသုဝေကသူပြောလိုက်တဲ့အကြောင်းအရာနဲ့ဒေါ်အောင်ဆန်းစုကြည် ပြောလိုက်တဲ့အကြောင်း အရာကို အခုလိုပြောပါတယ်။

"ဒီ အီးယူတို့ လုပ်တဲ့ ကန့်သတ်ရေးဟာဖြင့်ရင် ကျွန်တော်တို့ တိုင်းပြည်အတွက် အင်မတန်အန္တရာယ်များပါတယ်၊ အဲဒါကြောင့်မို့လို့ လူထုရဲ့ကိုယ်စား ကျွန်တော်တို့ကတော့ မေတ္တာရပ်ခံပါတယ်။ ဒါကို ပြန်လည် စဉ်းစားပြီးတော့ ရုပ်သိမ်းပေးပါဆိုပြီး ကျွန်တော်က အဲဒါကို စပြောပါတယ်ဗျ။ ဒေါ်အောင်ဆန်းစုကြည်ကလည်းပဲ သူတို့ရဲ့သုံးသပ်ချက်အရပေါ့နော်၊ တိုင်းပြည်အတွက်ကို ထိခိုက်တယ်ဆိုတာတွေကလည်းရှိပါတယ်၊ သို့သော်လည်းပဲ လူထုကို ထိခိုက်တဲ့ အပိုင်းတွေက နည်းတယ်ပေါ့နော်။ Sanction လုပ်တာက လူထုအတွက် ထိခိုက်တတ်တာမဟုတ်ပါဘူး။ အဲဒီတော့ သက်ဆိုင်ရာကိုတော့ဖြင့်ရင် ကန့်သတ်တဲ့ sanction မျိုးတော့ဖြင့် ထပ်ပြီးတော့ ထားသင့်တယ်လို့ သူကတော့ တင်ပြတာပေါ့နော်။"

ဒီနေ့တွေ့ဆုံပွဲမှာ EUကိုယ်စားလှယ်တွေက အယောက် ၂၀ လောက်ဖြစ်ပြီး၊ ပါဝင် ဆွေးနွေးခဲ့ကြသူတွေကတော့ အရေးယူမှုပြန်လည်ရုပ်သိမ်းဖို့ တောင်းဆိုထားကြတဲ့ ဒီမိုကရက်ပါတီဥက္ကဋ္ဌဦးသုဝေ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီက ဦးခင်မောင်ဆွေ၊ ရခိုင်တိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ အတွင်းရေးမှူးဦးလှစော၊ ရှမ်းအမျိုးသား ဒီမိုကရေစီပါတီက ဦးစောသန်းမြင့်နဲ့ မွန်ဒီမိုက ရေစီပါတီက ဦးနိုင်ငွေသိမ်းတို့ ဖြစ်ပါတယ်။

# အမတ် ၂၀ ဦးကို နာမည်ပျက်ကြေညာ

**DVB । မတ်လ ၁၅ ။** ။ ပြီးခဲ့ နိုဝင်ဘာ ၇ ရက်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်း အယောက် (၂၀) ကို ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းတွေ ဥပဒေနဲ့အညီ မတင်သွင်းတဲ့အတွက် အရည်အချင်း ပျက်ယွင်းသူတွေအဖြစ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာလိုက်ပါတယ်။

အရည်အချင်း ပျက်ယွင်းသူတွေအဖြစ်ကြေညာခံလိုက်ရတဲ့ ကိုယ်စားလှယ်လောင်း အမည်စာရင်းထဲမှာ တင်မြှောက်ခံထားရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ မပါဝင်ပါဘူး။ အမျိုးသားနိုင်ငံရေး မဟာ မိတ်များ အဖွဲ့ချုပ်၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များပြည်ထောင်စုမြန်မာနိုင်ငံ၊ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေး အဖွဲ့ချုပ် စတဲ့ပါတီတွေက ကိုယ်စားလှယ်တွေ ပါဝင်ပြီး ပဲခူးတိုင်းနဲ့မကွေးတိုင်းက ကိုယ်စားလှယ်လောင်းတွေ အများစုပါဝင်နေတာ တွေ့ရပါတယ်။

ရွေးကောက်တင်မြှောက်ခံ လွှတ်တော်ကိုယ် စားလှယ်တွေရဲ့အမည်စာရင်းကို စတင်ကြေညာတဲ့နေ့ကစပြီး ရက်ပေါင်း ၆၀ အတွင်းမှာ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတွေကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတွေထံ တင်သွင်းဖို့ ပျက်ကွက်ခဲ့လို့ သည်ကိုယ်စားလှယ်အယောက် ၂၀ ကို အရည်အချင်း ပျက်ယွင်းသူတွေအဖြစ် သတ်မှတ်ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ ကြေညာချက်မှာဖော်ပြပါတယ်။ ကြေညာခံရတဲ့ သူတွေဟာ ကြေညာလိုက်တဲ့နေ့ကစတင်ပြီး လက်ရှိလွှတ်တော် သက်တမ်း နဲ့ နောက်လာမယ့် လွှတ်တော် သက်တမ်းတွေအတွက် ကျင်းပမယ့် ရွေးကောက်ပွဲတွေမှာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိတော့မှာမဟုတ်ဘူးလို့ ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၈ မှာ ဖော်ပြထားပါတယ်။

ရွေးကောက်ခံထားရတဲ့ ကိုယ်စားလှယ်တွေရဲ့ရွေးကောက် ပွဲအသုံးစရိတ်တွေကို ရွေးကောက်ပွဲကော်မရှင်ဘက်က ကြပ်ကြပ်မတ်မတ်စစ်ဆေးတာ ရှိမရှိနဲ့ ကြံ့ခိုင်ရေးပါတီရဲ့ကိုယ်စားလှယ်တွေရဲ့ ရွေးကောက်ပွဲကာလတွင်း အသုံးစရိတ်တွေကို စစ်ဆေးထုတ်ပြန်ကြေညာဖို့ကိုလည်း ရွေးကောက်ပွဲဝင်ခဲ့တဲ့ တခြားကိုယ်စားလှယ်အချို့က တောင်းဆိုတာတွေ ရှိနေပါတယ်။ရွေးကောက်ပွဲမှာ ရာခိုင်နှုန်းအများဆုံးနဲ့ အနိုင်ရရှိခဲ့တဲ့ ကြံ့ခိုင်ရေးပါတီရဲ့ကိုယ်စားလှယ်တွေရဲ့ရွေးကောက်ပွဲ အသုံးစရိတ်တွေနဲ့ပတ်သက်ပြီး အသင်းပိုင်နဲ့ နိုင်ငံတော်ပိုင်ငွေကြေးတွေကို အသုံးပြုခဲ့ကြတာတွေ၊ ကိုယ်စားလှယ်လောင်း တဦးအတွက် အများဆုံးအသုံးပြုဖို့ ကော်မရှင်ကပြဋ္ဌာန်းထားတဲ့ ကျပ်ငွေ သိန်း ၁၀၀ အထက် ပိုမိုသုံးစွဲမှုတွေရှိခဲ့တယ်လို့ဝေဖန်တာတွေ ရှိနေပါတယ်။ လက်ရှိတာဝန်ယူထားဆဲဖြစ်တဲ့ နအဖစစ်ကောင်စီရဲ့ရာထူးနဲ့ လုပ်ပိုင်ခွင့်တွေကို မဲဆွယ် စည်းရုံးရေးတွေမှာ အသုံးပြုခဲ့တဲ့ ကြံ့ခိုင်ရေးပါတီရဲ့ ကိုယ်စားလှယ်တွေအပေါ်လည်း ဝေဖန်မှုတွေ ကျယ်ကျယ်လောင်လောင်ထွက်ပေါ်နေဆဲဖြစ်ပါတယ်။ သည်ဝေဖန်ချက်တွေနဲ့ ပတ်သက်ပြီး ပါတီဘက်ကရော ရွေးကောက်ပွဲကော်မရှင်ဘက်ကပါ တရားဝင်ထုတ်ပြန်ကြေညာ ပြောဆိုတာမျိုးမရှိပါဘူး။



# သတင်းတိုထွာဖတ်စရာ

ဝကျဉ်ဝိဝကျး

## အင်တာနက်သုံးဖုန်း တရားမဝင်

မြန်မာနိုင်ငံမှာအင်တာနက်သုံးစွဲမှုကျယ်ပြန့်လာတဲ့နဲ့ အမျှအင်တာနက်ကတဆင့်ပြောဆိုတာတွေလည်း တိုးတက်များပြားလာနေပါတယ်။ skype, G Talk, VZO စတာတွေကို သုံးတာက ဆက်သွယ်ရေးကော်ပိုရေးရှင်းအတွက် ဝင်ငွေကျစေတယ်လို့ဆိုပြီး ဒါမျိုးသုံးစွဲတာဟာ တရားမဝင်ဘူးလို့ နအဖရဲ့စာတိုက်နဲ့ဆက်သွယ်ရေးဝန်ကြီးဌာနက ဆိုပါတယ်။ ဒါကြောင့် အင်တာနက်ဆိုင်တွေဟာ အင်တာနက်ဖုန်းဆက်သွယ်စကားပြောဆိုတာတွေအတွက် ပါမစ်ယူရမယ်လို့သိရပါတယ်။ (IRRAWADDY, 16.3.2011)

## ဒဏ်ခတ်ပိတ်ဆို့မှုဆိုင်ရာဆွေးနွေးပွဲ

ရန်ကုန်မှာ ဥရောပသံတမန်တွေနဲ့ ဒီမိုကရေစီအင်အားစုတွေအကြားအနောက်နိုင်ငံတွေက ချမှတ်ထားတဲ့နအဖစစ်အာဏာရှင်တွေအပေါ်ဒဏ်ခတ်ပိတ်ဆို့အရေးယူထားမှုတွေနဲ့ပတ်သက်ပြီးမတ်လ ၁၅ ရက်နေ့က ဆွေးနွေးခဲ့ကြတယ်လို့သိရပါတယ်။ ရွေးကောက်ပွဲဝင်ဒီမိုကရေစီအင်အားစုတွေကတော့နအဖသဘောကျနှစ်မြို့က်တဲ့ဒဏ်ခတ်ပိတ်ဆို့မှုဖယ်ရှားရေးဘက်မှာရပ်တည်ဆွေးနွေးကြတယ်လို့သိရပါတယ်။ (GULF TIMES, 16.3.2011)

## စစ်အာဏာရှင်များရဲ့အလှူ

မတ်လ ၁၁ ရက်နေ့က ဂျပန်နိုင်ငံမှာဖြစ်ပွားခဲ့တဲ့ ငလျင်နဲ့ဆူနာမီလှိုင်းဘေးဒဏ်ကိုခံခဲ့ရတဲ့ ဂျပန်နိုင်ငံအတွက် မြန်မာစစ်အာဏာပိုင်တွေက ဒေါ်လာတသိန်းကို လှူဒါန်းခဲ့တယ်လို့ သိရပါတယ်။ ကြပ်ပြေးနေပြည်တော်မှာ နအဖနိုင်ငံခြားရေးဝန်ကြီး ဦးညာဏ်ဝင်းကဂျပန်သံအမတ်ကို ခေါ်ပြီးပေးလိုက်တယ်လို့ဆိုပါတယ်။ (EARTH TIMES, 18.3.2011)

## ညောင်ဦးကမ်းပါးပြိုခြင်း

ဂျပန်မှာ ငလျင်လှုပ် ဆူနာမီလှိုင်းဖြစ်လို့ နောက်ဆက်တွဲအခြေအနေနဲ့ညျူကလီယားဓာတ်ပေါင်းဖိုအကျပ်အတည်းဖြစ်ကာ ရေဒီယိုဓာတ်သတ္တိကြွတဲ့အရာတွေ လေထဲပျံ့နှံ့ခဲ့တာဟာ မြန်မာပြည်အထိရောက်ပြီးအက်ဆစ်မိုးတွေရွာမယ်လို့ ပြောသံတွေကျယ်ကျယ်လောင်လောင်ထွက်နေပါတယ်။ ပညာရှင်တွေက အခြေအမြစ်မရှိတဲ့ မဆီမဆိုင်ပြောဆိုမှုတွေကို ငြင်းဆိုလိုက်ပါတယ်။ (PEOPLE'S DAILY, 18.3.2011)

## သတင်းစာအသစ်ထုတ်မည်

မြန်မာစစ်အာဏာပိုင်တွေဟာ မတ်လ ၂၇ ရက်နေ့မှာမြဝတီအမည်ရှိတဲ့သတင်းစာကိုထုတ်ဝေလိမ့်မယ်လို့ သိရပါတယ်၊နအဖစစ်တပ်ရဲ့ပြည်သူ့ဆက်ဆံရေးနဲ့စိတ်ဓာတ်စစ်ဆင်ရေးက အဲဒီသတင်းစာကိုထုတ်ဝေမှာဖြစ်ပါတယ်။ ကြပ်ပြေးနေပြည်တော်မှာ သတင်းစာတိုက်ရှိမယ့် မြဝတီသတင်းစာဟာ နအဖရဲ့လူထုအပေါ်ဝါဒဖြန့်ချိရေးကိုတိုးချဲ့လုပ်ဆောင် တဲ့ကြိုးပမ်းချက်ဖြစ်ပါတယ်။ (THE EARTH TIME, 18.3.2011)

## နယ်ခြားစောင့်တပ်မလုပ်မယ့် ဝ

UWSAတပ်ဖွဲ့တွေဟာနအဖစစ်အာဏာရှင်တွေပေးနေတဲ့နယ်ခြားစောင့်တပ်ဖွဲ့အဖြစ်ပြောင်းလဲရေးဖိအားနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေပြုလုပ်ခဲ့ကြတယ်လို့သိရပါတယ်။ ဝတပ်ဖွဲ့ရဲ့ခေါင်းဆောင်တ ဦးက သူတို့အနေနဲ့နအဖရဲ့ဖိအားကို ကြံ့ကြံ့ခံနိုင်တယ်လို့ဆိုပါတယ်။ (MIZZIMA, 16.3.2011)

## လွှတ်တော်တွင်းဆွေးနွေးမှုတင်းကျပ်

နအဖရဲ့ရုပ်သေးလွှတ်တော်မှာ ဝင်ရောက်ကပြနေသူတွေဟာ လွှတ်တော်တွင်းဆွေးနွေးမှုတွေမှာ ကန့်သတ်ခံနေရတယ်လို့ သိရပါတယ်။ လွှတ်တော်အမတ်တဦးက နိုင်ငံရဲ့ဘတ်ဂျက်နဲ့ပတ်သက်ပြီးမေးခွန်းထုတ်စရာတွေကို မေးတဲ့အခါ လက်ရှိအခြေအနေနဲ့မဆိုင်လို့ဆိုပြီး ပယ်ချခံခဲ့ရပါတယ်။ ဘတ်ဂျက်အသုံးစရိတ်ရဲ့ လေးပုံတပုံကို စစ်တပ်အတွက်နဲ့ အထူးရံပုံငွေအတွက်ဆိုပြီး ကာကွယ်ရေးဦးစီးချုပ်စိတ်တိုင်းကျသုံးနိုင်အောင်သတ်မှတ်ပေးထားလို့ မေးခွန်းထွက်လာတာဖြစ်ပါတယ်။ (DVB, 16.3.2011)

## လူ့အခွင့်အရေးအခြေအနေတိုးတက်ရေး

ကုလသမဂ္ဂရဲ့မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ်ကင်တားနားက မြန်မာစစ်အစိုးရအနေနဲ့ နိုင်ငံတွင်းလူ့အခွင့်အရေးအခြေအနေတွေတိုးတက်ကောင်းမွန်လာအောင်လုပ်ဖို့ တိုက်တွန်းလိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်လို့ရှိရင် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ဝင်ရောက်စွက်ဖက်မှုတွေကို ကြုံရလိမ့်မယ်လို့ဆိုပါတယ်။ မြန်မာ နိုင်ငံ တွင်းကလူ့အခွင့်အရေးချိုးဖောက်မှုတွေကို သီးခြားလွတ်လပ်တဲ့စုံ စမ်းစစ်ဆေးမှုတွေလုပ်နိုင်ဖို့ လာမယ့်အစိုးရသစ်က ခွင့်ပြုရမယ်လို့ လူ့အခွင့်အရေးညီလာခံမှာမတ်လ ၁၄ ရက်နေ့က ပြောဆိုသွားပါတယ်။ (EXPATICA SWITZERLAND, 15.3.2011)

# အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များနှင့် စစ်ကိုင်းတိုင်း ကိုယ်စားလှယ်များဆွေးနွေး

**RFA | မတ်လ ၁၆ ။** ။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် စစ်ကိုင်းတိုင်းက ကိုယ်စားလှယ်တွေနဲ့ ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်တွေ မတ်လ ၁၆ ရက် ဒီကနေ့ ရန်ကုန် ဌာနချုပ်ရုံးမှာ တွေ့ဆုံ ဆွေးနွေးကြပြီး ပါတီရေးရာ ကိစ္စတွေနဲ့ ဒေသတွင်း အခြေအနေတွေကို ဆွေးနွေးခဲ့ကြပါတယ်။

စစ်ကိုင်းတိုင်း မြို့နယ်အသီးသီးက ကိုယ်စားလှယ် ၅၃ ဦးနဲ့ စစ်ကိုင်းတိုင်း တိုင်းစည်းရုံးရေးကော်မတီက အဖွဲ့ဝင် ၉ ဦး စုစုပေါင်း စစ်ကိုင်းတိုင်းက ၆၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

စစ်ကိုင်းတိုင်းအတွင်း ထူးခြားတဲ့ အခြေအနေတွေကတော့ ဒီပဲယင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့တဲ့ တိုင်းဖြစ်တာကြောင့် စစ်အစိုးရက ၂၀၀၃ ခုနှစ်နောက်ပိုင်းကတည်းက အပြင်းအထန် ဖိနှိပ် တာတွေရှိခဲ့ကြောင်း၊ ဒါကြောင့် လူမှု ကူညီထောက်ပံ့ရေးကိစ္စတွေကို တောင် လုပ်ဆောင်နိုင်ဖို့ ခက်ခဲကြောင်း၊ အခမဲ့ဆေးခန်း၊အခမဲ့ စာသင် ကျောင်းဖွင့်လှစ်တာမျိုးကို ပိတ်ပင်တာတွေရှိကြောင်း ကိုယ်စားလှယ် တွေက တင်ပြခဲ့ပါတယ်။

ဒါ့အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စအဖြစ် အထူးသဖြင့် တော့ ကသာနယ်အတွင်း သစ်တောတွေကို စက်ယန္တရားကြီးတွေကို အသုံးပြုပြီး၊ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် စတဲ့သစ်မာတွေအပါအဝင် သစ်မျိုးစုံကိုခုတ်လှဲပြီး နေ့စဉ် တန်ချိန်ထောင်နဲ့သောင်းနဲ့ချီကာ၊ တရုတ် ပြည်ကို တင်ပို့နေတာကြောင့် တရွာနဲ့ တရွာ လှမ်းမြင်ရလောက်အောင် ကွင်းပြင်တွေအဖြစ် သစ်တောတွေ ပြုန်းတီးကုန်ကြောင်းတင်ပြကြ ပါတယ်။ ဒါ့အပြင် ပါတီစည်းရုံးရေးနဲ့ လူမှုကူညီရေးလုပ်ငန်းတွေ လုပ် ဆောင်နိုင်တာ၊ အခြေအနေတိုးတက်မှုရှိလာတာတွေကိုလည်းအချို့ မြို့နယ်တွေက တင်ပြကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က အခုလို နိဂုံးချုပ်ပြန်လည် ဆွေးနွေးပါတယ်။

"ကျွန်မတို့ ငြိမ်းချမ်းတဲ့ နည်းကို ရွေးတယ်ဆိုတာ မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲဖြစ်စေချင်လို့ရှိလို့ရှိရင် အကြမ်းဖက်တဲ့နည်း ကို မသုံးပဲနဲ့ ဖြစ်နိုင်တယ်ဆိုတဲ့ အစဉ်အလာကို ကျွန်မတို့ ခိုင်မြဲအောင် လုပ်ဖို့ ဖြစ်ပါတယ်။"

အခက်အခဲအမျိုးမျိုးကြားမှာကြိုးပမ်းဆောင်ရွက်နေရတဲ့အခြေ အနေတွေကို ပြောကြားခဲ့သလို ပြည်သူ့ ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူတွေရဲ့ အခြေအနေတွေကို မပြတ်သိနေဖို့လိုအပ်ကြောင်း၊ ဒါ့ အပြင် မြန်မာနိုင်ငံမှာ ဒီမိုကရေစီနည်းလမ်းကျကျ ပြည်သူလူထုရဲ့ဆန္ဒ နဲ့အညီ အကြမ်းမဖက် ပြောင်းလဲနိုင်တယ်ဆိုတဲ့အစဉ်အလာကိုဖြစ် မြောက်အောင် ကြိုးပမ်းဆောင်ရွက်ကြဖို့စတာတွေအပါအဝင် အရေး ကြီးတဲ့ လမ်းညွှန်ချက်တွေကို ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ဒုဥက္ကဋ္ဌဦးတင်ဦးနဲ့ အလုပ်အမှုဆောင် ဦးဝင်းတင်တို့ ကလည်း လုပ်ဆောင်သင့်တဲ့ နည်းနာတွေကို ညွှန်ပြခဲ့ကြကြောင်းသိရှိ ရပါတယ်။

---

# ပညာရှင်များဘုတ်အဖွဲ့ ဖွဲ့စည်းရေးအဆို အမျိုးသားလွှတ်တော်မှာ ပြန်ရုပ်သိမ်းရ

**DVB | မတ်လ ၁၆ ။** ။ ကျန်းမာရေးကဏ္ဍမှာ ပညာရှင်တွေပါဝင်မယ့် ဘုတ် အဖွဲ့ ဖွဲ့စည်းလုပ်ဆောင်ရေးအဆို အမျိုးသားလွှတ်တော်မှာ မဲခွဲဆုံးဖြတ်အပြီး အဆိုရှင်ဘက်က ပြန်လည်ရုပ်သိမ်းခဲ့ရပါတယ်။

ဒီကနေ့ အမျိုးသားလွှတ်တော်မှာ ချင်းအမျိုးသားပါတီရဲ့ ကိုယ်စားလှယ် ဦးစတီဖင်သာဘိတ် တင်သွင်းတဲ့ "ကျန်းမာရေးကဏ္ဍမှာ ပညာရှင်တွေပါဝင် မယ့် ဘုတ်အဖွဲ့ဖွဲ့စည်းပြီး အကောင်းဆုံးနည်းလမ်းချမှတ်ဆောင်ရွက်ပေးနိုင် ရန်" အဆိုကို ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်နဲ့ အပြန် အလှန်ဆွေးနွေး အပြီး မဲခွဲဆုံးဖြတ်ရာ ရှုံးနိမ့်တဲ့အတွက် အဆိုကို ပြန်လည်ရုပ်သိမ်းခဲ့ရ တာပါ။ ဒီ လိုရုပ်သိမ်းခဲ့တာနဲ့ ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအင် အားစုပါတီရဲ့ အမျိုး သားလွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်က အခုလို ပြောပြပါတယ်။

"အဲဒါကို ဒေါက်တာကျော်မြင့်ပြောတာက သူတို့က အမျိုးသားကျန်းမာ ရေးကော်မတီကိုဖွဲ့စည်းဖို့ လုပ်နေတယ်၊ ဖွဲ့တယ်ဆိုတော့ ဒီဟာထဲမှာနောက် ထပ်ဘုတ်ဖွဲ့ဖို့ သူတို့မလုပ်ပေးနိုင်ဘူး၊ အဲဒါကြောင့် ဒီအဆိုကို ပြန်ရုတ်သိမ်း ပေးဖို့ပြောတယ်။ ပြောတော့ ဒီအဆိုရှင်က ဘာပြန်ပြောလဲဆိုရင် ရန်ကုန်၊ မန္တလေးမြို့ကြီးတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေအားကောင်းပါတယ်။ ပုဂ္ဂလိကပိုင်းကော၊ အစိုးရပိုင်းကော နယ်စပ်တွေသွားရေးလာရေးခက်ခဲတဲ့ တော ရွာတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွေ အားနည်းတယ်၊ လူ တွေမ သေသင့်ဘဲ သေကြတယ်၊ ဆေးပညာအကြောင်းကို အဓိကထားပြော ပါတယ်၊ အဲဒီကိစ္စတွေရှိတော့ ဘုတ်အဖွဲ့ကလည်း ဒီကိစ္စကို ဆွေးနွေးဖို့ပြန် လည်သုံးသပ်ဖို့ ပြန်ပြောတယ်။ ပြန်ပြောတော့ နောက်ဆုံးမဲခွဲတဲ့အဆင့်ရောက် တယ်။ မဲခွဲတော့ ဦးစတီဖင်သာဘိတ်အဖွဲ့က မဲ ၂၀ ရပြီး ဒေါက်တာကျော်မြင့်က ၁၇၂ ရတယ်။ ကြားနေမဲ ၁၉ မဲပေါ့။ ဒါကြောင့် ဦးစတီဖင်သာဘိတ်အဆိုက ရှုံးသွားတယ်။"

ဒီကနေ့မှာပဲ ချင်းတိုးတက်ရေးပါတီက အမျိုးသားလွှတ်တော်ကိုယ် စားလှယ် ဦးပေါ်လျံလွင်တင်သွင်းတဲ့ "ချင်းပြည်နယ် အတွင်း ဆ/မ (ဆေးဝါးကုသ ခွင့်လိုင်စင်) ချထားပေးရေးအဆို" အဆိုကိုတော့ ကျန်းမာရေးဝန်ကြီးဌာနဝန် ကြီးဒေါက်တာကျော်မြင့်က လက်ခံသဘောတူတာကြောင့် လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုပေးလိုက်တယ်လို့လည်း ဦးဘုန်းမြင့်အောင်က ဆက်ပြောပါတယ်။ အခုအတည်ပြုပေးလိုက်တဲ့အဆိုကတော့ အမျိုးသားလွှတ်တော်ရဲ့ ပထမဆုံးအ တည်ပြုခံရတဲ့ အဆိုခုလည်းဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်မှာ အဆိုတွေနဲ့ပတ်သက်ပြီး မဲခွဲဆုံးဖြတ်ခဲ့တဲ့ အဆို (၃) ခုရှိပြီဖြစ်ပြီး အားလုံးအဆိုရှင်တွေက ရှုံးနိမ့်နေပြီး ပြန်ရုပ်သိမ်းပေးနေ ရတယ်လို့လည်း အမျိုးအသားလွှတ်တော်ကိုယ်စားလှယ်အချို့က ဆိုပါတယ်။ ဒီကနေ့ အမျိုးသားလွှတ်တော်မှာ အပြန်အလှန်မေးမြန်းခဲ့ကြတာ ၃ ခုလောက် ရှိခဲ့ပါတယ်။ အဲ့ဒီမေးခွန်းတွေထဲမှာ လူဝန်မှုကြီးကြပ်ရေးနဲ့ ဆိုင်တဲ့မေးခွန်းတွေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေမှာ တိုင်းရင်းသားလူမျိုးအမှန် ပြင်ဆင်ခွင့်နဲ့ ဆိုင်တဲ့မေးခွန်းနဲ့ လောင်စာဆီ ဖြန့်ဖြူးရေးဆိုင်ရာမေးခွန်းတွေကို မေးမြန်းခဲ့ကြ ပါတယ်။

# အစိုးရသစ်နဲ့ ဆွေးနွေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဆင်သင့်ရှိ

**VOA ၊ မတ်လ ၁၈ ။** ။နိုင်ငံရေးပြဿနာတွေပြေ လည်ဖို့အတွက် နောက်တက်လာတဲ့အစိုးရနဲ့ဆွေးနွေးညှိနှိုင်းပြီးအပေးအယူလုပ်ဖို့အ ဆင်သင့်ပဲလို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် ကပြောပါတယ်။ NLDဗဟိုအလုပ်အမှုဆောင်တွေနဲ့ကချင်ပြည်နယ်က NLD ပါတီဝင်တွေတွေ့ဆုံစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်က အခုလို ပြောလိုက်တာပါ။ ရန်ကုန် NLD ရုံးချုပ်မှာ တိုင်းနဲ့ပြည်နယ်အလိုက် NLD စည်းရုံးရေးမှူးတွေနဲ့ဆွေးနွေးပွဲ နောက်ဆုံးနေ့ဖြစ်တဲ့ ဒီကနေ့ သောကြာနေ့မှာ အခုလိုပြော လိုက်တဲ့အကြောင်း အသေးစိတ်ကိုတော့ မသင်းသီရိက တင်ပြ ထားပါတယ်။

တွေ့ဆုံဆွေးနွေးရေးကို ဦးတည်နေတဲ့ NLD ပါတီဟာ နောက် တက်လာမယ့် အစိုးရသစ်နဲ့ရော ဘယ်အဖွဲ့အစည်းနဲ့မဆို ဆွေးနွေး ညှိနှိုင်းပြီး အပေးအယူနဲ့ အလျှော့အတင်းလုပ်ဖို့ အဆင်သင့်ပဲလို့ ဒေါ်အောင်ဆန်းစုကြည်က ဒီကနေ့ ကချင်ပြည်နယ်က NLD စည်းရုံး ရေးမှူးတွေနဲ့ဆွေးနွေးပွဲမှာ ပြောလိုက်တာပါ။ ဒ့ါကြောင့် NLD ပါတီဟာ စည်းလုံးညီညွတ်ကြဖို့လိုသလို လူထုရှေ့က မားမားမတ်မတ် ရပ်ကြဖို့ ကိုလည်း ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းသွားတယ်လို့ NLD ပါတီပြောခွင့်ရသူ ဦးအုန်းကြိုင်ကပြောပါတယ်။

"တွေ့ဆုံဆွေးနွေးရေးကို ဦးတည်တဲ့အဖွဲ့ဖြစ်တယ်။ န.အ.ဖ မဟုတ်ဘူးဆိုရင်လည်း ဘယ်နံမည်နဲ့ အစိုးရပဲဖြစ်ဖြစ်ပေ့ါလေ၊ နောက် ဆုံးကျတော့ တပ်မတော်အစိုးရအပေါ်မှာ ဩဇာအာဏာရှိတဲ့ပုဂ္ဂိုလ် တွေနဲ့ဆွေးနွေးညှိနှိုင်းဖို့ဆိုတာကို ကျမတို့ ဦးတည်ချက်ထားပြီးတော့ လုပ်နေတာဖြစ်တယ်။ အဲဒီတော့ ကျမတို့ အနှစ် ၂၀ ကျော်အဆင်မပြေ တဲ့ကိစ္စတွေကို ကျော်လွှားပြီးတော့ ညှိနှိုင်းဆွေးနွေးဖို့ ကျမတို့ဦးတည် နေတာ။ ဒီဟာအတွက် ကျမတို့အပေးအယူလုပ်ဖို့ အဆင်သင့်ပဲပါ ဆိုတာလည်း ထပ်လဲလဲပြောနေတယ်။ တွေ့ဆုံဆွေးနွေးတယ်ဆိုတာ ဟာ ဘယ်ဘက်ကမှ လိုချင်သလိုတော့ ရနိုင်မှာမဟုတ်ဘူး။အလျှော့ အတင်းဆိုတာရှိမှာပဲဆိုတာ ကျမတို့ သဘောပေါက်တယ်။ ကျမတို့အ ချင်းချင်းလည်း မပြေလည်တဲ့အခါကျရင် အလျှော့အတင်းရှိရမယ်။ ဘယ်သူကပိုပြီးတော့ အလျှော့ပေးနိုင်သလဲဆိုတာ ပြိုင်ပါတဲ့။ အထွေ ထွေအတွင်းရေးမှူးက လမ်းညွှန်ပါတယ်။"

ကယားပြည်နယ်ကလွဲပြီး ကျန်တဲ့တိုင်းနဲ့ပြည်နယ် ၁၃ ခုက NLD ပါတီစည်းရုံးရေးမှူးတွေနဲ့ ဆွေးနွေးပွဲတွေကို ၁၀ ရက်ကြာကျင်း ပခဲ့တဲ့အထဲ ဒီကနေ့နောက်ဆုံးနေ့အဖြစ် ကချင်ပြည်နယ်နဲ့တွေ့ဆုံခဲ့ တာဖြစ်ပါတယ်။ ဒီကနေ့ ကချင်ပြည်နယ်နဲ့တွေ့တဲ့ အခါမှာတော့အဲဒီ ဒေသတွေမှာ တိုက်ပွဲဖြစ်လာမှာကို စိုးရိမ်နေကြတဲ့ ကချင်လူထုရဲ့ခံစား ချက်တွေကို ပြောပြခဲ့ကြပါတယ်။

"ရွေးကောက်ပွဲလုပ်ပြီးတော့လွှတ်တော်ကျင်းပနေချိန်မှာဟိုမှာ တပ်အင်အားတွေတိုးချဲ့ပြီးတော့ တပ်ချတာတွေတိုးလုပ်လာတေယ် တဲ့၊ အဲဒီတော့ အဲဒါတွေဟာ တဖက်နဲ့တဖက်ပေ့ါဗျာ။ လက်နက်ကိုင် တိုက်ခိုက်ကြတော့မလို ပြည်သူလူထုက စိုးရိမ်ထိတ်လန့်နေတယ်ဆို တာတွေကိုလည်းတင်ပြသွားကြပါတယ်ခင်ဗျ။"

ကချင်ပြည်နယ်တွင်း နိုင်ငံရေးဖိနှိပ်မှုကြီးတဲ့အခြေအနေ၊ စိုးရိမ် စရာဖြစ်နေတဲ့ စီးပွားရေး မှောင်ခိုလောကနဲ့ လူငယ်တွေရဲ့ မူးယစ်ဆေး ဝါးသုံးစွဲမှုတွေအပေါ်မှာလည်း NLD ပါတီက ဘယ်လိုကူညီနိုင်မလဲဆို တာကို ဒီဆွေးနွေးပွဲအတွင်း စဉ်းစားခဲ့ကြပါတယ်။

"တိုင်းရင်းသားဒေသတွေလည်း ဖြစ်တယ်။ ပြီးတဲ့အခါကျတော့ သက်ဆိုင်ရာ အာဏာပိုင်တွေကလည်း အလွန်ဖိနှိပ်တဲ့အနေအထားမှာ ရှိနေတယ်။ အဲဒါကြောင့်မို့လို့ စည်းရုံးရေးလုပ်ငန်းတွေက အခက်အခဲ တွေရှိနေတဲ့အကြောင်းတင်ပြပါတယ်။ ကချင်ပြည်နယ်မှာ လူငယ်များ အကြားမှာလည်းတခြားစီးပွားရေးလုပ်ကိုင်ဆောင်ရွက်ဖို့ခွင့်အလမ်း တွေမရှိတဲ့အခါကျတော့ မှောင်ခိုလုပ်ငန်းတွေနဲ့ပဲပတ်သက်နေတာ တွေဖြစ်နေတယ်။ ကချင်ပြည်နယ်မှာ မူးယစ်ဆေးဝါးရောင်းဝယ် ဖောင် ကားမှုနဲ့သုံးစွဲမှု အခြေအနေကလည်း တအားကိုတက်လာတယ်။ နိုင်ငံ ရေးကိုစိတ်ဝင်စားတဲ့ လူငယ်ကလည်း သူကိုယ်တိုင်စားဝတ်နေရေး ကို လုပ်နေတာက မှောင်ခိုလုပ်ငန်းလိုဖြစ်နေတဲ့အခါကျတော့ သူက ကြောက်နေတယ်။အဲဒီသဘောတွေဖြစ်နေတယ်ဆိုတဲ့အကြောင်းတွေ တင်ပြပါတယ်။ ဒါ နိုင်ငံရေးစည်းရုံးရေးနဲ့ ပတ်သက်လို့။"

မြန်မာနိုင်ငံရဲ့ နေရာတော်တော်များများမှာ ကြုံနေရတဲ့ သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှု၊ လယ်ယာမြေသိမ်းခံရတဲ့ အခြေအနေတွေက လည်း ကချင်ပြည်နယ်မှာ ဆိုးဆိုးရွားရွားရှိနေတာဖြစ်ပါတယ်။

"တနိုင်းချောင်းဟာ အခုခါမှာမြစ်ရဲ့ ဟိုးအဖျားပိုင်းမှာရွှေကျင် တဲ့လုပ်ငန်းတွေဟာ အင်တိုက်အားတိုက်လုပ်နေတဲ့အတွက်ကြောင့် ချောင်းကကောလာတယ်။ အဲဒီမှာ သောက်သုံးရေ တောင် အခက်အခဲ ဖြစ်လာတယ်။ သွားလာဖို့ဆိုတာတောင်မှ မလွယ်တော့ဘူးဖြစ် နေ တယ်။ အဲဒီတော့ ဒေသသဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုတွေကတ အားကိုဆိုးရွားနေတယ်။ ဖားကန့်အခြေအနေကတော့ အတော်ကိုအ ဆိုးဆုံးဖြစ်နေပါတယ်။ ကျောက်စိမ်းတူးဖော်တဲ့လုပ်ငန်းတွေ ကုမ္ပဏီ တွေကိုလုပ်ပိုင်ခွင့်တွေ အပြတ်ပေးထားတဲ့အတွက်ကြောင့်ဥတိုချောင်း ဟာ အခုဆိုရင် လုံးဝပျောက်လုနီးပါး ဖြစ်နေပြီးတော့ လူတွေလည်းနေ စရာမရှိအောင်ကို ဖြစ်နေပြီ။ အလွန့်ကို ဆိုးရွားခက်ခဲနေပါတယ်၊ အဲဒါ ကလည်း တတ်နိုင်ရင် ကူညီဖြေရှင်းပေးပါလို့ ပြောကြတယ်။"

NLD ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအုန်းကြိုင်ပြော ပြခဲ့တာပါ။ ကချင်ပြည်နယ်မှာ ကျပ်တည်းတဲ့စီးပွားရေးကြောင့်ကျောင်း မနေနိုင်ကြတဲ့ ကလေးငယ်တွေနဲ့ ပညာရေးစနစ်နိမ့်ကျမှု၊ ကျန်းမာရေး စောင့်ရှောက်မှုမကောင်းတဲ့ အခြေအနေတွေနဲ့အတူ လူမှုရေးကိစ္စတွေ မှာလည်း အခက်အခဲရှိနေကြတဲ့ ကချင်လူထုရဲ့ဘဝတွေကိုလည်း ကချင်အဖွဲ့တွေက တင်ပြခဲ့ကြပါတယ်။

NLD ရုံးချုပ်မှာ မတ်လ ၃ ရက်နေ့ကနေ ၁၈ ရက်နေ့ထိ တိုင်း နဲ့ပြည်နယ် အဖွဲ့လိုက် ၁၀ ရက်ကြာ ဆွေးနွေးခဲ့အပြီး NLD ရုံးချုပ်နဲ့အ တူ ဥပဒေအထောက်အကူပြုအဖွဲ့၊ လူငယ်ကွန်ယက်အဖွဲ့တွေ အပြင် လူမှုထောက်ကူပြုအဖွဲ့တွေနဲ့ပါ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တွေက ပြန်လည်ဆွေးနွေးပြီး အကူအညီပေးသွားဖို့ကိုလည်း ဆက်လက်စီစဉ် သွားမယ်လို့ NLD ပါတီက ပြောပါတယ်။

# လာနီညာကြောင့် မြန်မာနိုင်ငံမှာ ရာသီဥတု ဖောက်ပြန်နိုင်ဟု ပညာရှင်များဆို

**VOA । မတ်လ ၁၆ ။** ။ မြန်မာနိုင်ငံမှာ ဒီရက်ပိုင်းတွေအတွင်း ပုံမှန်မဟုတ်တဲ့ ရာသီဥတုဖောက်ပြန်မှုတွေ ဖြစ်နေပါတယ်။ နိုင်ငံရဲ့နေရာတော်တော်များများမှာ မိုးများစိုစွတ်ပြီး အုံ့မှိုင်းတဲ့ရာသီဥတု အပြင် အေးတဲ့ဒဏ်တွေကိုပါ ကြုံနေကြရပါတယ်။ ဒါဟာ အာရှ ပစိဖိတ်ဒေသတွင်း ဖြစ်နေတဲ့ လာနီညာ ရာသီဥတုရဲ့ အကျိုးဆက်တွေအဖြစ် အခုလို နွေကာလတွင်း မိုးရွာပြီး အေးနေတာဖြစ်တယ်လို့ မိုးလေဝသပညာရှင်တွေကပြောပါတယ်။ ဘယ်နေရာတွေ မိုးများနေပြီး ဘယ်လောက်ထိ အေးနေသလဲဆိုတာ မသင်းသီရိက တင်ပြပေးထားပါတယ်။

တကယ်တော့ မတ်လဆိုတာ နွေရာသီအစမို့ ပူပြင်းခြောက်သွေ့ရမယ့်အစား အခုတော့ မိုးတွေလည်းရွာ၊ လေတွေလည်း တိုက်၊ တခါ ဆောင်းတွင်းအလား ရာသီဥတုကလည်း အေးနေပါတယ်။ ရန်ကုန်မှာဆို မိုးဆက်တိုက်ရွာနေတာ ဒီနေ့နဲ့ဆို ၂ ရက်ရှိနေပြီဖြစ်ပြီး အပြင်မထွက်ချင်လောက်အောင် အေးနေတယ်လို့လည်း ပြောပါတယ်။ ပြီးခဲ့တဲ့ အပတ်ထဲ ရန်ကုန်မြို့အတွင်းမှာ လေပြင်းတွေလည်း ကျခဲ့လို့ ပျက်စီးမှုတွေလည်း ကြုံခဲ့ရတာရှိတယ်လို့ ရန်ကုန်မြို့ခံတဦးက ပြောပါတယ်။

"မနေ့က မနက်ပိုင်းက ရွာတဲ့မိုးက တညလုံးရွာတယ်၊ အခုအချိန်ထိ ရွာနေတာပေါ့။ မိုးကမသည်းပေမဲ့ လေက တအားတိုက်တယ်။ တချက်တချက် လေက တော်တော်လေးတိုက်တယ်၊ ပြင်းပြင်းလေး။ ခါတိုင်း မိုးတွင်းတုန်းကအေးတယ်။ အဲဒီအအေးထက် ဆိုးတယ်။ အခုက မိုးရော ဆောင်းရော နှစ်ခုရောပြီး အေးသလို အေးနေတာ။

"ပြီးခဲ့တဲ့ သုံးလေးရက်လောက်ကတော့ မြို့စွန်တွေမှာ တော်တော်လေးဖြစ်တယ်လို့ ပြောတယ်။ လောလောဆယ်တော့ ဈေးသည်တွေက ဒုက္ခရောက်တာပေါ့။ ၈ နာရီ၊ ၉ နာရီလောက်ဆို ဈေးသည်တွေက တုန်ပြီးတော့ ဘယ်လိုမှ မခံနိုင်တော့လို့ ဈေးကို မရောင်းနိုင်ဘဲနဲ့ ကုန်တွေ ကုန်ကုန် မကုန်ကုန် သိမ်းသွားတာမျိုးတွေတော့ ရှိတယ်။"

တခါ ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဘက်မှာတော့ အချိန်အခါမဟုတ်တဲ့ မိုးကြောင့် ရိတ်ဖို့ နောက်ကျနေတဲ့ ပဲခင်းတွေ ပျက်စီးတာမျိုး ကြုံနေရတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

"ပဲခင်းထဲမှာ ရေတွေ တော်တော်ပြင်းနေတယ်လေ။ ပဲခင်းထဲမှာ ရေတွေ ၅ လက်မလောက် ဝင်နေတာ။ ပဲစိုက်တဲ့သူတွေက ပျက်စီးတယ်ဆိုတာ တလင်းထဲမှာ နယ်ထားရင်တော့ ပျက်စီးတာပေါ့လေ၊ မိုးကြောင့်။ စပါးကတော့ နည်းနည်းပျက်စီးတာများတယ်။ အခက်အခဲတော့ နည်းနည်း ရှိတာပေါ့။"

တချို့ကျတော့လည်း ပဲရိတ်အပြီး နွေစပါးစိုက်ဖို့ ပြင်ဆင်နေသူတွေ ပျက်စီးမှုကြုံနေရတယ်လို့လည်း သူကပြောပါတယ်။ ဧရာဝတီတိုင်းဘက်မှာ မိုးဆက်တိုက်ရွာနေပေမဲ့ လေပြင်းကျတာမျိုးတော့မရှိပါဘူး။ ဒါပေမဲ့ မနေ့ကတော့ မြစ်ကြီးနားနဲ့ မန္တလေးသွားတဲ့ ရထားလမ်းတွေ မိုးများလို့ လမ်းချော်တာတွေဖြစ်တာကြောင့်နာရီ ၂၀ ကျော်ကြာ ရထားသွားလာမှုရပ်ထားရပါတယ်၊ ဒီအချိန်က ကချင်ပြည်နယ်မှာရှိတဲ့ အင်းတော်ကြီးဘုရားပွဲကျင်းပချိန်ဖြစ်တဲ့အတွက် ဘုရားပွဲသွားတဲ့သူတွေ မိုးကြောင့် ဆက်မသွား နိုင်တော့တာ၊ သွားတဲ့ဆိုင်ကယ်နဲ့ ယာဉ်တချို့ လမ်းပျက်တာကြောင့် တိမ်းမှောက်တာမျိုးရှိတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ကချင်ပြည်နယ်မှာတော့ နေရောင်မမြင်ရဘဲ အုံ့မှိုင်းတဲ့ ရာသီဥတုအပြင် မိုးရွာပြီး အရမ်းအေးနေတယ်လို့ပြောသလို မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတွေမှာတော့ ရာသီဥတုက အုံ့မှိုင်းပြီး မိုးက ခပ်ဖွဲဖွဲလေးဖြစ်နေပြီး အေးတယ်လို့ ပြောပါတယ်။

အခုလို ရာသီဥတုဖောက်ပြန်မှုတွေဟာ အာရှ ပစိဖိတ်ဒေသအတွင်းဖြစ်နေတဲ့ လာနီညာ ရာသီဥတုရဲ့ အကျိုးဆက်တွေကြောင့် ကြုံနေရတာဖြစ်တယ်လို့ မိုးလေဝသပညာရှင် ဦးထွန်းလွင်က ပြောပါတယ်။

"ဒီဥစ္စာတော့ မနှစ် နိုဝင်ဘာလကတည်းက ဖြစ်နေတဲ့ လာနီညာ ရာသီဥတုပါ။ လာနီညာ ရာသီဥတုက အေးပြီးတော့ စွတ်စိုတဲ့ ရာသီဥတုကိုဖြစ်စေတာ သူ့ရဲ့ဝိသေသ လက္ခဏာပါပဲ။ အခုထိလည်း ဖြစ်နေဆဲပါပဲ။ မတ်လကုန်ထိ ရှိဖို့ ၈၀ ရာခိုင်နှုန်းရှိတယ်လို့ ကျနော်တို့ လွန်ခဲ့တဲ့ ဇန်နဝါရီ၊ ဖေဖော်ဝါရီကတည်းက ကြေညာထားပါတယ်။ ရေငွေ့ပါတဲ့ လေတွေ ဖုံးလွှမ်းသွားတဲ့ အချိန်ကစပြီး ဒီရာသီဥတုမျိုး ယနေ့ အချိန်ထိ တွေ့နေရတာ ဖြစ်ပါတယ်။ ဒါ မိုးရွာတဲ့အကြောင်းပါ။"

မြန်မာနိုင်ငံဟာ နွေရာသီအပြီး မိုးရာသီဘက်ကို ကူးတော့မှာမို့ ရှေ့ဆက်ပြီး ဒီ့ထက်မိုးများတာမျိုး ကြုံရနိုင်တယ်လို့ ဦးထွန်းလွင်က သူ့ခန့်မှန်းချက်ကို ပြောပြပါတယ်။

"ရှေ့လျှောက်ကတော့ မိုးရာသီဘက် သွားနေတာဆိုတော့ တိုးဖို့ပဲရှိတာပေါ့။ မိုးရာသီက သူ့ဟာသူကို ဒီလိုရာသီဥတုတွေဖြစ်တဲ့ ကာလပဲလေ။ အဲဒီကာလတိုးလေ ဒါတွေကို ပိုတိုးလာလေပဲဖြစ်မယ်။ အထူးသဖြင့် ကျနော်တို့ အဓိကကြည့်ရမှာကတော့ လာနီညာမတ်လကုန်မှာပြီးမလား၊ ဒါမှမဟုတ် နောက်ပိုင်း သူတို့ခန့်မှန်းသလို မေလအထိ ရှိမလား၊ အဲဒီအပေါ်မှာ အဓိက တည်ပါလိမ့်မယ်။

"အကယ်၍သာ လာနီညာ မတ်လကုန်မှာ မပြီးဘဲ မေလအထိ ဆက်လက်ရှိဦးမယ်ဆိုရင်တော့ ရာသီဥတုအခြေအနေတွေဟာ နောက်ပိုင်းလတွေမှာ ကျနော့်အယူအဆပိုပြီးတော့ သတိထားဖို့လိုပါလိမ့်မယ်။ ပိုဆိုးလာနိုင်စရာရှိပါတယ်။"

မိုးလေဝသ ပညာရှင် ဦးထွန်းလွင် ပြောပြခဲ့တာဖြစ်ပါတယ်။

အခု ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းမှာဖြစ်နေတဲ့ လာနီညာရာသီဥတုဖောက်ပြန်မှုဟာ ကမ္ဘာ့တောင်ဘက်ခြမ်းဖြစ်တဲ့ ဩစတြေးလျား၊ နယူးဇီလန်အပြင် တောင်အမေရိကနိုင်ငံတချို့မှာ ကြုံခဲ့ရတာကို ကြည့်ခြင်းအားဖြင့် ကမ္ဘာ့သမိုင်းမှာ အဆိုးဆုံးပဲလို့ မိုးလေဝသပညာရှင်များက မှတ်ချက်ထုတ်ပြန်ထားပါတယ်။

# အင်တာနက် VOIP တယ်လီဖုန်း ဆက်သွယ်မှုကို နအဖက တားမြစ်

**RFA ၊ မတ်လ ၁၆ ။** ။ မြန်မာနိုင်ငံမှာ အင်တာနက်ကနေတဆင့် ပြည်ပနိုင်ငံတွေက တယ်လီဖုန်းတွေဆီ ဈေးသက်သက်သာသာနဲ့ ခေါ်နိုင်ခွင့်ကို သက်ဆိုင်ရာက တားမြစ်ပိတ်ပင်လိုက်ပါတယ်။

မြန်မာနိုင်ငံတွင် ကိုယ်ပိုင်ကွန်ပျူတာ အသုံးပြုနိုင်သူနှင့် နေအိမ်တွင် အင်တာနက် ဆက်သွယ်မှုရှိသူ လွန်စွာနည်းပါးပြီး အများစုမှာ ဤကဲ့သို့ အင်တာနက်ကဖေးမှ ကွန်ပျူတာဖြင့်သာအင်တာနက် ဝင်ရောက် အသုံးပြုနိုင်ကြပါသည်။

အဲဒီ ညွှန်ကြားစာမှာ အင်တာနက်ကနေတဆင့် VOIP ခေါ် ဆိုမှုများမပြုလုပ်ကြရန် ကြိုတင်အသိပေး အကြောင်းကြားခြင်းလို့ ဖော်ပြထားပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ညွှန်ကြားလာတဲ့အတွက် အခုလိုကြိုတင်အကြောင်းကြားတာလို့ စာထဲမှာ ဖော်ပြထားပါတယ်။ ဒီကြေညာစာကို မြန်မာအင်ဖိုတက်ခ် ကော်ပိုရေးရှင်းရဲ့ လက်ထောက် ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက လက်မှတ်ရေးထိုးထားပြီး၊ ၂၀၁၁ ခုနှစ် မတ်လ ၁၀ ရက် နေ့စွဲနဲ့ ထုတ်ပြန်ထားတာပါ။

မြန်မာအင်ဖိုတက်ခ်က အခုလိုပိတ်ပင်တဲ့ ညွှန်ကြားချက်ကို တိတိကျကျကျင့်သုံးမယ်ဆိုရင် ပြည်သူတွေကြားမှာ အခက်အခဲ တော်တော်ဖြစ်သွားမယ်လို့ ရန်ကုန်မြို့ခံတဦးက RFA ကို ပြောပါတယ်။

"အဲလိုဆိုရင်တော့ အင်တာနက်ဆိုင်တွေရဲ့ စီးပွားရေးက အရမ်းကို ထိခိုက်သွားမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အင်တာနက်ဆိုင်တွေက အဲဒါတွေနဲ့ပဲ လုပ်နေရတာ။ Account အရောင်းအဝယ်ဆိုတာလေ စင်ကာပူကနေ ဒီ Pfingo တို့ ဘာတို့တွေကို အရောင်းအဝယ်တွေလေ၊ ၈ နာရီတို့၊ ၁၀ နာရီတို့ ကျွန်မက အဲဒါကို account အတွက်ပတ်စ်ဝတ်ဒ်နဲ့သွင်းထားပြီးတော့ ကိုယ်က ကုမ္ပဏီရဲ့ကြားခံပြီး ရောင်းပေးလိုက်ပြီးတော့ကျွန်မက အဲဒါနဲ့တကမ္ဘာလုံးကိုဖုန်းခေါ်ဖို့ Pfingo account နဲ့။"

ကမ္ဘာတဝန်း အင်တာနက်သုံးစွဲသူတွေဟာ ကိုယ့်ကွန်ပျူတာကနေ အသိမိတ်ဆွေရဲ့ ကွန်ပျူတာကို skype, gtalk, Pfingo, VZO စတဲ့ အင်တာနက် ဝန်ဆောင်မှုစနစ်တွေကတဆင့် တယောက်မျက်နှာ တယောက်ကြည့်ပြီး စကားပြောနိုင်သလို၊ တယ်လီဖုန်းဆီကိုလည်းခေါ်ဆိုနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ အင်တာနက်ကနေတဆင့် တယ်လီဖုန်းခေါ်တဲ့ အခါမှာ အမေရိကားကို ခေါ်ရင် တမိနစ်ကို ၁၅၀ ကျပ်၊စင်ကာပူနိုင်ငံက ဖုန်းကိုခေါ်ရင် ၅၀၊ စသဖြင့် ပြည်သူတွေအနေနဲ့ အဝေးရောက် မိသားစုတွေဆီ ဈေးသက်သက်သာသာခေါ်နိုင်တဲ့ အခြေအနေဖြစ် တာလို့ သိရပါတယ်။ အင်တာနက်ကဖေးဆိုင်ဖွင့်ထားသူတွေကလဲ ဒီကိစ္စနဲ့ပဲ၊ ဆိုင်လုပ်ငန်း ဝင်ငွေရနေကြတာလို့ ဆိုပါ တယ်။

အင်တာနက်နဲ့ပတ်သက်ပြီး ထိန်းချုပ်ထားတာ၊ နိုင်ငံရေးနဲ့ဆိုင်တဲ့ဝက်ဘ်ဆိုက်တွေ ကြည့်လို့မရအောင် ပိတ်ထားတာ၊ ဘလော့ဂါတွေကို ထောင်ချထားတာတွေကြောင့် မြန်မာစစ်အစိုးရကို ပြင်သစ်နိုင်ငံအခြေစိုက် နယ်စည်းမခြား သတင်းထောက်များအဖွဲ့က အင်တာနက်ရဲ့ ရန်သူအဖြစ် စာရင်းသွင်းထားပါတယ်။

# ပြင်သစ်ကျောင်းသားများနှင့်ဒေါ်စုတွေ့

**RFA ၊ မတ်လ ၁၅ ။** ။ မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ မတ်လ ၁၄ ရက် မနေ့ညနေက ရန်ကုန်မြို့ ပြည်လမ်းမှာရှိတဲ့ ပြင်သစ်သံရုံးယဉ်ကျေးမှုဌာနကို သွားရောက်ပြီး အဲဒီဌာနကဖွင့်ထားတဲ့ ပြင်သစ်ဘာသာ သင်တန်းမှာသင်ယူနေတဲ့မြန်မာ ကျောင်းသူကျောင်းသား ၅၀ ခန့်နဲ့ တွေ့ဆုံခဲ့ပါတယ်။

ညနေ ၄ နာရီခွဲလောက်မှာ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးနဲ့အတူစာသင်ခန်းထဲကိုဝင်လာတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို မြင်လိုက်ရတဲ့အခါ မိမိတို့ ကျောင်းသားတွေအားလုံး စိတ်လှုပ်ရှားသွားခဲ့ရကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က မိမိကိုယ်ကျိုးအတွက်သာမဟုတ်ပဲ တိုင်းပြည်နဲ့လူမျိုးအတွက်ပါ ရည်မှန်းချက်ထားပြီး ပညာသင်ကြဖို့ သူတို့ကို တိုက်တွန်းသွားကြောင်း ပြင်သစ်စာသင်ယူနေတဲ့ ကျောင်းသူတဦးက RFA ကို ပြောပါတယ်။

"၄ နာရီခွဲလောက်ကျတော့ သံအမတ်နဲ့ ဆင်းလာတာပေါ့နော်။ အဲဒါ သံအမတ်ကြီးကနေပြီးတော့ ကျွန်မတို့ကို မိတ်ဆက်ပေးတယ်။ ပြင်သစ်လို မိတ်ဆက်ပေးတယ်။ ဒါပေမဲ့ ကျွန်မတို့က လက်ခုပ်တီးလိုက်တယ်ပေါ့နော်။ ပြီးလည်း ပြီးရော အန်တီစုက ထိုင်တော့ကျွန်မတို့လည်း အားလုံးဝိုင်းပြီးတော့ ထိုင်ကြတယ်။ အန်တီစုက ဘာပြောလဲဆိုတော့ သူ့မှာ နိုင်ငံရေးလုပ်တာ အခိပ္ပာယ်အများကြီး ရှိပါတယ်ပေါ့။ ကောင်းတာလည်းရှိတယ်၊ မကောင်းတာလည်း ရှိတယ်ပေါ့နော်။ ဒါတွေ ဝေဖန်ပိုင်းခြားတတ်ရမယ်ဆိုတာကိုလည်း သူပြောတယ်။"

ဒေါ်အောင်ဆန်းစုကြည်ဟာ ကျောင်းသားတွေနဲ့ တွေ့ဆုံအပြီးမှာ ပြင်သစ်သံရုံးယဉ်ကျေးမှုဌာနနဲ့ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပတဲ့ ဓာတ်ပုံပြပွဲကို ဆက်လက်သွားရောက်ကြည့်ရှုခဲ့တယ်လို့လည်း သိရပါတယ်။

# အစ္စရေးရှိ မြန်မာသံရုံးရှေ့ ဆန္ဒပြ

**DVB ၊ မတ်လ ၁၅ ။** ။ လက်ရှိကျင်းပနေတဲ့ လွှတ်တော်အသီးသီးကို ဖျက်သိမ်းဖို့ အစ္စရေးနိုင်ငံရောက် မြန်မာ့ဒီမိုကရေစီရေးတက်ကြွသူတွေက မတ် ၁၃ ရက်ကျရောက်တဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့အထိမ်းအမှတ်အဖြစ် ဒီကနေ့ ဆန္ဒပြတောင်းဆိုခဲ့ကြပါတယ်။

ဆန္ဒပြရတဲ့ရည်ရွယ်ချက်နဲ့ ပတ်သက်လို့ ဦးစီးလုပ်ဆောင်သူတဦးဖြစ်တဲ့ ကိုပိုင်သူဝင်းက ခုလို ပြောပါတယ်။

"နအဖစစ်အစိုးရပြုလုပ်တဲ့ လွှတ်တော်ရွေးကောက်ပွဲကို ကျနော်တို့တွေ ဆန့်ကျင်ပါတယ်။ ဒါဟာ ကမ္ဘာကို လိမ်လည်မှုတရပ်ဖြစ်ပါတယ်။သူတို့တွေဟာ နိုင်ငံရေးအကျဉ်းသားတွေကို ပုဒ်မအမျိုးမျိုးတပ်ပြီးတော့ဖမ်းဆီးထားတယ်။ သူတို့ဟာ ငြိမ်းချမ်းစွာ ကိုယ့်ရဲ့ဆန္ဒဖော်ထုတ်တာကို ပုဒ်မအမျိုးမျိုးတပ်ပြီး ဖမ်းဆီးထားတယ်။ နောက်ပြီးတော့ တိုင်းရင်းသားလူမျိုးစုတွေကို သတ်ဖြတ်ထားတယ်။ ဒါကြောင့်မို့လို့ ကျနော်တို့တွေက ဆန္ဒပြခြင်းဖြစ်ပါတယ်။"

မြန်မာပြည်ဒီမိုကရေစီအပြောင်းအလဲမှာ နိုင်ငံရေးအကျဉ်းသားလွှတ်မြောက်ရေးဟာ အရေးကျတယ်လို့လည်း ဆိုပါတယ်။ အစ္စရေးအာဏာပိုင်တွေထံကနေ ခွင့်ပြုချက်ရယူပြီး လုပ်ဆောင်တဲ့ ဆန္ဒပြပွဲဖြစ်ပြီး ဆန္ဒပြနေစဉ်မှာ မြန်မာသံရုံးဝင်းအတွင်းက တုံ့ပြန်မှုမရှိဘူးလို့ သူက ပြောပါတယ်။ ဒီဆန္ဒပြပွဲမှာ ဘားမားအက်ရှင် (အစ္စရေး) က မြန်မာနိုင်ငံသား ၂၀ ခန့်နဲ့ အစ္စရေးလူ့အခွင့်အရေးအဖွဲ့က ကိုယ်စားလှယ် ၄ ဦးတက်ရောက် ဆန္ဒပြခဲ့ပါတယ်။ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးရရှိဖို့အတွက် တပ်မတော်သားတွေနဲ့ အနုပညာရှင်တွေကလည်း ဝိုင်းဝန်းကူညီလုပ်ဆောင်ကြဖို့နဲ့ ကိုပိုင်သူဝင်းက တိုက်တွန်းသွားပါတယ်။

# တိုကျိုရှိ မြန်မာသံရုံးမှ မိမိပြည်သူကို အကူအညီပေးမှုအားနည်း

**VOA၊မတ်လ ၁၅။** ။အရှိန်ကြီးတဲ့ ငလျင်နဲ့ ဆူနာမီဒဏ်ခံခဲ့ရပြီးနောက် အခု နျူကလီးယားသတ္တိကြွမှုကို ရင်ဆိုင်နေရတဲ့ ဂျပန်နိုင်ငံကဘေးဒုက္ခသင့် ဒေသတွေမှာ တရုတ်လူမျိုးထောင်နဲ့ချီ ရှိနေပါတယ်။တရုတ်နိုင်ငံဟာ ကပ်ဘေးဒုက္ခနဲ့ နျူကလီးယားအန္တရာယ် ခြိမ်းခြောက်မှုတွေ ရင်ဆိုင်နေရတဲ့ ဂျပန်နိုင်ငံကနေ မိမိနိုင်ငံသားတွေကို စတင်ကယ်ထုတ်တဲ့ ပထမဆုံးနိုင်ငံဖြစ်ပါတယ်။ ဂျပန် နိုင်ငံတွင်း အနည်းဆုံး ၃၀,၀၀၀ ကျော်ရှိတယ်လို့ ခန့်မှန်းရတဲ့မြန်မာလူမျိုးတွေအတွက် မြန်မာအာဏာပိုင်တွေကဘာတွေလုပ်ဆောင် ပေးနေပါသလဲ၊ ဂျပန်ရောက်မြန်မာနိုင်ငံသားတွေ အတွက်ရော ဖြစ်လာနိုင်ချေ အန္တရာယ်တွေ ဘာရှိပါသလဲ၊ အပြည့်အစုံကို ကိုသားညွန့်ဦးက စုံစမ်းမေးမြန်းပြီး တင်ပြပေးထားပါတယ်။

ဂျပန်နိုင်ငံတွင်း ငလျင်နဲ့ဆူနာမီသင့်ခဲ့တဲ့ ဒေသတွေနဲ့ အခု ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖို အခြေအနေကြောင့် စိုးရိမ်ရတဲ့ ဒေသတွေမှာရောက်နေကြတဲ့ တရုတ်လူမျိုးတွေကို တရုတ်အစိုးရ ကယ်ထုတ်ဖို့ဆောင်ရွက်နေပြီလို့ ဘေကျင်းမြို့မှာရှိတဲ့ ဗွီအိုအေ သတင်းထောက် ပီတာစင်မ်စန် (Peter Simpson) က သတင်းပို့ထားပါတယ်။ ဖူကူရှီးမားနျူကလီးယားစက်ရုံမှာ နျူကလီးယားလောင်စာချောင်းတွေ အရည်ပျော်ပြီး ဓာတ်ပေါင်းဖို ပျက်စီးနိုင်ခြေ စိုးရိမ်ချက်ဟာ နျူကလီးယားစွမ်းအင်အစီအစဉ်တွေ တိုးချဲ့ဖို့လုပ်နေတဲ့ တရုတ်နိုင်ငံအတွက်လည်း ဆင်ခြင်သုံးသပ်စရာ ဖြစ်လာတယ်လို့သူကပြောပါတယ်။

ရေဒီယိုဓာတ်သတ္တိ သင့်နိုင်တဲ့ အန္တရာယ်ရှိတဲ့ နေရာတွေမှာ ရှိနေတဲ့ တရုတ်လူမျိုးတွေကို အဲဒီနေရာတွေကနေ ဘတ်စ်ကားတွေနဲ့ ကယ်ထုတ်ပေးတာတွေကို တိုကျိုမှာရှိတဲ့ တရုတ်သံရုံးက ဆောင်ရွက်ပေးနေတယ်လို့ တရုတ်နိုင်ငံခြားရေးဌာနပြောခွင့်ရသူ ဂျန်ယု (Jing Yu) က ပြောပါတယ်။ ဂျပန်မှာရှိတဲ့ တရုတ်သံရုံးဟာ ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ပေးနိုင်ရေးနည်းလမ်းတွေ မရပ်မနားရှာဖွေဆောင်ရွက်နေတယ်လို့လည်း ပြောပါတယ်။

အဲဒီနေရာတွေ ရောက်နေတဲ့ တရုတ်လူမျိုးတွေကို အကူအညီပေးနိုင်ဖို့ ကယ်ဆယ်ရေးအဖွဲ့တွေကိုလည်း Counselor ရုံးကနေ စေလွှတ်ခဲ့တယ်လို့ ပြောပါတယ်။ တရုတ်အစိုးရပိုင် Air China လေယာဉ်တွေကိုလည်း ရေဒီယို ဓာတ်သတ္တိကြွမှုတွေ ရှိနေပြီဆိုတဲ့သတင်း နောက်ပိုင်းကစလို့ တရုတ်ကနေ တိုကျိုကို ပြေးဆွဲနေတဲ့ လေယာဉ်ခရီးစဉ်တွေကို ဖျက်သိမ်းလိုက်ပါတယ်။

ဂျပန်ရောက်မြန်မာတွေ အခြေအနေကလည်း အခြားဂျပန်တွေလိုပါပဲ၊ နေ့နေ့ညည စိုးရိမ်မှုတွေနဲ့ နေနေကြရပါတယ်။ မြန်မာသံရုံးကလည်း ငလျင်ဖြစ်ဖြစ်ချင်းကတည်းက ပိတ်ထားပြီး မနေ့ နေ့လယ်ပိုင်းကမှပြန်ဖွင့်ပါတယ်။နဂိုကတည်းက ဆက်သွယ်အကူအညီတောင်းဖို့ခက်တဲ့ မြန်မာသံရုံးဟာ ဂျပန်မှာရှိနေတဲ့ မြန်မာတွေကို အကူအညီပေးနိုင်ဖို့ အတော်လေး အားနည်းနေတယ်လို့ တိုကျိုမြို့က မြန်မာတဦးဖြစ်တဲ့ ကိုဘုန်းမြင့်ထွန်းက ပြောပါတယ်။

"မနေ့ နေ့လယ်က သံရုံးကို ကျနော်တို့သွားကြည့်တယ်။အဲဒီအခါကျတော့ သူတို့ သံရုံးတံခါးတောင်မဖွင့်ပေးဘူး။ ပြီးတော့ Hot Line နံပါတ်ကိုလည်း ဆက်ကြည့်တော့ ဖုန်းကိုင်မယ့်လူ မရှိဘူးဖြစ်နေတယ်။ ကျနော်မြင်တာတော့ သံရုံးဆောင်ရွက်မှုအပိုင်းကို နည်းနည်းအားနည်းသေးတယ်လို့ မြင်ပါတယ်။"

တရုတ်နိုင်ငံကတော့ ဂျပန်မှာရှိတဲ့ သူ့လူမျိုးတွေ ဘေးဒုက္ခဖြစ်လာရင် ကယ်ထုတ်နိုင်ဖို့ဆိုပြီး စီစဉ်နေပါပြီ။ အဲဒီတော့ ဂျပန်မှာရှိနေတဲ့ မြန်မာနိုင်ငံသားတွေရဲ့ အခြေအနေ၊ အကယ်၍ ဘေးဥပါဒ်တစုံတရာ ရှိလာမယ်ဆိုရင် ဘာတွေလုပ်ကြဖို့ အစီအစဉ်ရှိပါလဲ ခင်ဗျ။

"ကျနော်တို့တော့ စုပေါင်းပြီး အစုအဖွဲ့ လုပ်ထားတာရှိတယ်လေ။ အဲဒီကနေ အနီးကပ်ဆုံး တိုင်ပင်ဆောင်ရွက်ပြီးတော့ လုပ်ဆောင်သွားဖို့အတွက် တိုင်ပင်ထားပါတယ်။ ပြန်တယ်လို့တော့ ကြားနေရပေမဲ့ တိတိကျကျတော့ ဘယ်နှစ်ယောက်ပြန်တယ်ဆိုတာ ပြောလို့မရသေးဘူး။ ဒါပေမဲ့ ပြန်တယ်ဆိုရင်လည်း ကျနော်တို့ တိုင်းပြည်ထက်စာလို့ရှိရင်တော့ ဒီနိုင်ငံမှာက အလုပ်အကိုင်လေး ဘာလေးရနေသေးတော့ မပြန်ကျတဲ့သူကပိုများပါတယ်။ မပြန်နိုင်တဲ့လူတွေပိုများပါတယ်။"

လက်ရှိခန့်မှန်းချေအားဖြင့် ဂျပန်နိုင်ငံမှာ မြန်မာလူမျိုး ဘယ်လောက်လောက် ခန့်မှန်းထားပါလဲခင်ဗျ။

"၃၀,၀၀၀ နဲ့ ၄၀,၀၀၀ နီးပါးလောက်တော့ ရှိပါတယ်။ တိုကျိုမှာတော့ အဓိက ၂၀,၀၀၀ ကျော်လောက် ရှိတယ်လို့ သိရပါတယ်။"

ကျန်တဲ့သူတွေက ဘယ်နေရာတွေမှာ များပါလဲ။

"ကျန်တဲ့သူတွေက အိုဆာကာနဲ့ နာဂိုယာဘက်မှာ ပိုများတယ်။ နောက်ပြီး ကျူရှူးဘက်မှာပိုများတယ်။ မြောက်ပိုင်းဘက်မှာနေတဲ့သူကတော့ တော်တော်နည်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရာသီဥတုလည်း ဆိုးဝါးတယ်။ အဲဒီတော့ သိပ်မနေကြဘူး။"

အခု ဖူကူရှီးမား နျူကလီးယားရေဒီယို သတ္တိကြွတာတွေဖြစ်နေတယ်လို့ ကြားရပါတယ်။ အကယ်၍ အန္တရာယ်ကြီးလာမယ်၊ တိုကျိုဘက်မှာလည်း တစုံတရာလုန့်လာမယ့် အခြေအနေမျိုးဖြစ်ရင် ဘာလုပ်ကြဖို့ အစီအစဉ်ရှိပါလဲခင်ဗျ။

"သေချာတော့ သင်တန်းတွေ ပေးနေပါတယ်။ တီဗွီတွေက နေပြီးတော့ သေချာရှင်းပြတယ်။ ရေဒီယိုသတ္တိကြွမှုတွေက အခု ဘယ်လောက်ရောက်နေပြီဆိုတာ သေချာရှင်းပြတယ်။ ဂျပန်စကား နားမလည်တဲ့ သူတွေတောင် နားလည်နိုင်အောင် သူတို့ ရုပ်ပုံတွေနဲ့ သေချာရှင်းပြနေပါတယ်။ အပြင်ထွက်ရင် တကိုယ်လုံးကို လုံလုံခြုံခြုံထုပ်ပြီး သွားရမယ်။ ပြန်လာတာနဲ့ အဲဒီ အဝတ်အစားတွေကို လွှင့်ပစ်ရမယ်။ အဲဒါမျိုးတွေကအခု၊ နောက်ပြီးတော့ မိုးရွာရင် လုံးဝ မိုးအစိုမခံဖို့အတွက် သူတို့ တော်တော် ညွှန်ကြားနေပါတယ်။"

"ဖြစ်လာရင် အားလုံး စုပေါင်းပြီးတော့ ရင်ဆိုင်ဖြေရှင်းကြမယ်ဆိုတဲ့ အလေ့အထ တခုတော့ ကျနော်တို့ ရထားပါတယ်။ နျူကလီးယား

**စာမျက်နှာ ၁၈ သို့**

# စေ့စပ်ဆွေးနွေးရေး ဆိုရာဝယ်

**ယခင်အပတ်အဆက်**

**ခင်မမျိုး**

စေ့စပ်ဆွေးနွေးပွဲမှာ အသုံးပြုကြတဲ့ Policy framework အသီးသီးမှာ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေက working group တွေ တည်ဆောက်ပြီး လိုအပ်တာ ဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်။

Phase Five: Acting Together to Implement Agreements,

ဒီအဆင့်မှာ ခေါင်းဆောင်တွေ၊ ပညာရှင်တွေအနေနဲ့ သဘောတူထားတဲ့ စာချုပ်တွေကို အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ Track I ခေါင်းဆောင်တွေအနေနဲ့ judicial and physical arrangements တွေကို အာရုံစိုက်ပြီး၊ Track II – III ခေါင်းဆောင်တွေက perceptions and human relationships တွေ ပြောင်းလဲလာရေးကို အာရုံစိုက်ရပါမယ်။ Post-agreement negotiation အဆင့်မှာ အလုပ်ပြီးမြောက်ရေးကို ဦးစားပေးကြရမှာ ဖြစ်ပါတယ်။

နိဂုံး

စေ့စပ်ဆွေးနွေးအဖြေရှာရေးဆိုတာ စကားလုံးအနေနဲ့ အသုံးပြုနေရုံနဲ့ ဖြစ်လာနိုင်တဲ့ အရာမဟုတ်ပါ။ တဘက်နဲ့တဘက် pre-conditions တွေချမှတ်ပြီး diplomatic cover အတွက် အသုံးချနေရုံနဲ့လဲ အောင်မြင်လာနိုင်တဲ့ အရာမဟုတ်ပါ။ စေ့စပ်ဆွေးနွေးအဖြေရှာရေးဆိုတာ ဖြစ်စဉ် တရပ်ဖြစ်ပါတယ်။ ဖြစ်စဉ်တရပ်အောင်မြင်ဖို့က တည်ဆောက်ယူရပါတယ်။ လိုအပ်ချက်တွေကို ဖြည့်ဆည်းရပါတယ်။ အရေးကြီးဆုံးကတော့ တိုင်းပြည်ရဲ့ ပဋိပက္ခအခြေအနေကို စဉ်ဆက်မပြတ်လေ့လာဆန်းစစ်နေပြီး၊ mutually hurting stalemate အဆင့်ရောက်နေတာကို သိမြင်တဲ့ ပညာရှင်တွေနဲ့ Track II– III ခေါင်းဆောင်တွေက Phase I ကို အစပျိုးရဲရပါတယ်။ ဒါမှသာထိရောက်တဲ့စေ့စပ်ဆွေးနွေးအဖြေရှာရေးဖြစ်စဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါတယ်။

ကိုးကားစာရင်း-

Freeman, Charles. Arts of Power: Statecraft and Diplomacy (Washington, DC: United States Institute of Peace Press, 1997)

Saunders, Harold. "Prenegotiation and Circum-negotiation: Arenas of the Multilevel Peace Process," in Turbulent Peace: The Challenges of Managing International Conflict, ed. Chester Crocker, Fen Osler Hampson, and Pamela Aall (Washington, DC: United States Institute of Peace Press, 2001)

Lederach, John Paul. Building Peace: Sustainable Reconciliation in Divided Societies (Washington, DC: United States Institute of Peace Press, 1997)

Solomon, Richard H., and Nigel Quinney. American Negotiating Behavior: Wheeler-dealers, Legal Eagles, Bullies, and Preachers (Washington, D.C.: United States Institute of Peace Press, 2010)

Druckman, Daniel. "Negotiating in the International Context," in Peacemaking in International Conflict: Methods and Techniques, ed. I. William Zartman (Washington, DC: United States Institute of Peace Press, 2007)

Fisher, Roger and William Ury, Getting to Yes: Negotiating Agreement Without Giving In (Boston: Houghton Mifflin, 1922),

Laue, James E. "Contributions of the Emerging Field of Conflict Resolution," in Approaches to Peace: An Intellectual Map, ed. Scott W. Thompson, Kenneth M. Jenson, Richard N. Smith, and Kimber M. Schraub (Washington, DC: United States Institute of Peace Press, 1991)

Hopmann, P. Terrence. "Bargaining and Problem Solving: Two Perspectives on International Negotiation," in Turbulent Peace: The Challenges of Managing International Conflict, ed. Chester Crocker, Fen Osler Hampson, and Pamela Aall (Washington, DC: United States Institute of Peace Press, 2001)

Mnookin, Robert H., Scott R. Peppet, and Andrew S. Tulumello, Beyond Winning: Negotiating to Create Value in Deals and Disputes (Cambridge, Mass.: Belknap Press of Harvard University Press, 2000)

Pruitt, Dean G. Negotiation Behavior (New York: Academic Press, 1981)

Marks, Susan Collin. Watching the Wind: Conflict Resolution during South Africa's Transition to Democracy (Washington, DC: United States Institute of Peace, 2000)

Bazerman, Max H. and Margaret A. Neale, Negotiating Rationally (New York: Free Press, 1992)

Thomas, Kenneth W. and Ralph H. Kilmann. Thomas-Kilmann Conflict Mode Instrument (Palo Alto, Calif.: CPP, Inc., 2002)

Shapiro, Daniel L. "Supplemental Joint Brainstorming: Navigating Past the Perils of Traditional Bargaining," Negotiation Journal 16, no. 4 (2000)

**စာမျက်နှာ ၁၈ သို့**

# ကြားဖြတ်ရွေးကောက်ပွဲတွေကို နှစ်ကုန်ပိုင်းမှာ ပြုလုပ်ပေးမည်ဟုဆို

**DVB ၊ မတ်လ ၁၅ ။** ။ သမ္မတ၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်ခံထားရသူများ အပါအဝင် အုပ်ချုပ်ရေးကဏ္ဍကို ရောက်သွားကြမယ့် လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လစ်လပ်နေရာတွေအတွက် အစားထိုးရွေးချယ်ဖို့ ကြားဖြတ်ရွေးကောက်ပွဲတွေကို အောက်တိုဘာနဲ့နိုဝင်ဘာလတွေမှာ ပြုလုပ်ပေးမယ်လို့ ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌဦးသိန်းစိုးက ခန့်မှန်းပြောကြားလိုက်ပါတယ်။

ပြီးခဲ့တဲ့ မတ်လ ၁၄ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ကျောက်မဲ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနယ်လ်ဆင်(ခ) စိုင်းဆောင်ဆီရဲ့ မေးမြန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ ပြန်လည်ဖြေကြားစဉ်မှာ အခုလို ခန့်မှန်းပြောကြားလိုက်တာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌတွေက လွှတ်တော်ဆိုင်ရာ နည်းဥပဒေတွေအရ လစ်လပ်သွားတဲ့ လွှတ်တော်ကိုယ်စားလှယ်နေရာတွေအတွက် အစားထိုးရွေးကောက်တင်မြှောက်နိုင်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အကြောင်းကြားရမှာဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လစ်လပ်သွားတဲ့ လွှတ်တော်ကိုယ်စားလှယ်နေရာတွေအတွက် အစားထိုးရွေးကောက်တင်မြှောက်နိုင်ဖို့အတွက် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ အရကြားဖြတ်ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ နေရက်တွေကို သတ်မှတ်ကြေညာပေးမှာဖြစ်ပါ တယ်။

အဲ့ဒီကြေညာပေးမယ့် နေ့ရက်တွေမှာ လစ်လပ်သောမဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမယ့်နေ့ရက်၊ လစ်လပ် မဲဆန္ဒနယ်တွေအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင်တင်သွင်းနိုင်တဲ့နေ့ရက်၊ လစ်လပ်မဲဆန္ဒနယ်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း နောက်ဆုံးတင်သွင်းနိုင်တဲ့နေ့ရက်၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာတွေကို စိစစ်ရမယ့် နေ့ရက်၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းနိုင်တဲ့နောက်ဆုံးနေ့ရက်တွေကို အစဉ်လိုက် ထုတ်ပြန်ကြေညာပေးမှာဖြစ်ပါတယ်။

ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ကြားဖြတ်ရွေးကောက်ပွဲတွေကိုကျင်းပနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်သွားတဲ့ မဲဆန္ဒနယ်တွေအတွက် အရင်က မဲစာရင်းကိုအခြေပြုပြီး နောက်ဆုံးအခြေအနေနဲ့ ကိုက်ညီမှန်ကန်အောင် မဲစာရင်းတွေကို ပြုစုတာ၊ မဲရုံ/မဲပုံး အစရှိတဲ့ ရွေးကောက်ပွဲအတွက် လိုအပ်တဲ့ ပြင်ဆင်မှုလုပ်ငန်းတွေကို ဆောင်ရွက်ထားရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀ နိုဝင်ဘာလ ၇ ရက် ရွေးကောက်ပွဲအတွင်းမှာတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက မြန်မာတနိုင်ငံရှိ မဲဆန္ဒနယ်အားလုံးရဲ့ ၈၀ ရာနှုန်းနီးပါးလောက်မှာ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဒီအနိုင်ရရှိမှုတွေနဲ့ပတ်သက်ပြီး ရွေးကောက်ပွဲကာလအတွင်း မဲမသမာမှုတွေအများအပြားရှိခဲ့သလို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်တိုင် ကြံ့ခိုင်ရေးပါတီရဲ့မဲအနိုင်ရလိုမှုမှာ ပါဝင်ခဲ့တယ်လို့ ဝေဖန်မှုတွေလည်း ရှိခဲ့ပါတယ်။

ဒီလို ရွေးကောက်ပွဲကာလအတွင်းက မဲမသမာမှုတွေနဲ့ပတ်သက်တဲ့ တိုင်ကြားထားတဲ့ အမှု (၃၀) နီးပါးရှိနေပြီး အဲ့ဒီထဲမှာ အများဆုံး အနိုင်ရတဲ့ကြံ့ခိုင်ရေးပါတီက အခြားပါတီတွေကို တိုင်ကြားထားတဲ့အမှုတွေ အများဆုံးပါဝင်နေပါတယ်။ ဒီအမှုတွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အခုအချိန်အထိ အပြီးသတ် မစစ်ဆေးသေးပါဘူး။

**စာမျက်နှာ ၁၆ မှ**

ထိတ်လန့်မှုနဲ့ ငလျင်ထိတ်လန့်မှု ၂ ခုစလုံး ကြုံနေရတဲ့ အခါကျတော့ တိုကျိုမှာရှိတဲ့ ဂျပန်လူမျိုးတွေကရော၊ မြန်မာလူမျိုးတွေရော တော်တော်အထိတ်ထိတ် အလန့်လန့်နဲ့ နေနေကြရပါတယ်။"

တိုကျိုမှာရှိတဲ့ တိုကျို မြန်မာသံရုံး ဝက်ဘ်ဆိုက်ဒ်မှာတော့မနေ့ ၁၅ ရက်နေ့ နေ့လယ်ပိုင်းကစလို့ ရုံးလုပ်ငန်းတွေ ပုံမှန်အလုပ်လုပ်နေပြီလို့ ကြေညာပါတယ်။ ဒါပေမဲ့ ဘာကြောင့် သံရုံးပိတ်ထားခဲ့သလဲ ဆိုတာ ရှင်းရှင်းလင်းလင်းမသိရပါဘူး။

ငလျင်လှုပ်ခတ်ချိန် လိုက်နာဆောင်ရွက်သင့်တဲ့ အခြေအနေများကို ကြေညာပေးထားပြီး ပြီးခဲ့တဲ့ ငလျင်ကာလနောက်ပိုင်း တယ်လီဖုန်းလိုင်းတွေ မကောင်းတာကြောင့် မြန်မာလူမျိုးတွေကို ကိုယ်တိုင်ဆက်သွယ်လို့ မရခဲ့ဘူးလို့လည်း အဲဒီဝက်ဘ်ဆိုက်ဒ်မှာ ဖော်ပြပါတယ်။ ဒ့ါအပြင် အရေးပေါ်အကူအညီ လိုအပ်ရင်လည်း ဆက်သွယ်နိုင်တဲ့ ဖုံးနံပါတ် ဖော်ပြထားပါတယ်။

ဂျပန်နိုင်ငံတွင်းက မြန်မာနိုင်ငံသားတွေထဲမှာ အစိုးရ အစီအစဉ်နဲ့ တရားဝင်လာကြတဲ့ ကျောင်းသားတွေ၊ ဝန်ထမ်းတွေအပြင် အလုပ်လာလုပ်ကြသူတွေလည်း ရှိပါတယ်။ အလုပ်လုပ်သူ ဂျပန်ရောက်မြန်မာအများစုကတော့ ဂျပန်နိုင်ငံမှာ နိုင်ငံရေးခိုလှုံခွင့်နဲ့ နေသူတွေဖြစ်ကြပါတယ်။

**စာမျက်နှာ ၁၇ မှ**

Shell, G. Richard. Bargaining for Advantage: Negotiation Strategies for Reasonable People (New York: Penguin Books, 2000)

Hayner, Priscilla. Negotiating justice: Guidance for Mediators. (International Center for Transitional Justice, 2009)

Deegan, Heather. South Africa Reborn: Building a New Democracy (University College London Press, 1999)

Touval, Saadia. "Multilateral Negotiation: An Analytic Approach," Negotiation Journal 5, no. 2 (April 1989): 163.

Weaver, Gary. Culture Communication, and Conflict: Readings in Intercultural Relations (Needham Heights, Mass.: Ginn Press, 1994)

George, Alexander L., David K. Hall, and William E. Simons, The Limits of Coercive Diplomacy, 2nd ed. (Boulder: Westview Press, 1994)

Lewicki, Roy J., David M. Saunders, and John W. Minton, Essentials of Negotiation, 2nd ed., (New York: McGraw-Hill/Irwin, 2001)

Spector, Bertram I. and I. William Zartman, Getting it Done: Postagreement Negotiation and International Regimes (Washington, DC: United States Institute of Peace Press, 2003)

Ury, William. Getting Past No: Negotiating Your Way from Confrontation to Cooperation (New York: Bantam Books, 1993)

# လာနီညာကြောင့် မြန်မာနိုင်ငံမှာ ပုံမှန်မဟုတ်တဲ့ ရာသီဥတုဖောက်ပြန်

**VOA ။ မတ်လ ၁၆ ။** ။ မြန်မာနိုင်ငံမှာ ဒီရက်ပိုင်းတွေအတွင်း ပုံမှန်မဟုတ်တဲ့ ရာသီဥတုဖောက်ပြန်မှုတွေဖြစ်နေပါတယ်။ နိုင်ငံရဲ့ နေရာတော်တော်များများမှာ မိုးများစိုစွတ်ပြီး အုံ့မှိုင်းတဲ့ ရာသီဥတုအပြင် အေးတဲ့ဒဏ်တွေကိုပါ ကြုံနေကြရပါတယ်။ ဒါဟာ အာရှ ပစိဖိတ်ဒေသ တွင်းဖြစ်နေတဲ့ လာနီညာ ရာသီဥတုရဲ့ အကျိုးဆက်တွေအဖြစ်အခုလို နွေကာလတွင်း မိုးရွာပြီး အေးနေတာဖြစ်တယ်လို့ မိုးလေဝသပညာရှင်တွေကပြောပါတယ်။ ဘယ်နေရာတွေ မိုးများနေပြီး ဘယ်လောက်ထိ အေးနေသလဲဆိုတာ မသင်းသီရိက တင်ပြပေးထားပါတယ်။

တကယ်တော့ မတ်လဆိုတာ နွေရာသီအစမို့ ပူပြင်းခြောက်သွေ့ရမယ့်အစား အခုတော့ မိုးတွေလည်းရွာ၊ လေတွေလည်းတိုက်၊ တခါဆောင်းတွင်းအလားရာသီဥတုကလည်းအေးနေပါတယ်။ ရန်ကုန်မှာဆို မိုးဆက်တိုက်ရွာနေတာ ဒီနေ့နဲ့ဆို ၂ ရက်ရှိနေပြီဖြစ်ပြီး အပြင်မထွက်ချင်လောက်အောင် အေးနေတယ်လို့လည်း ပြောပါတယ်။ ပြီးခဲ့တဲ့အပတ်ထဲ ရန်ကုန်မြို့အတွင်းမှာ လေပြင်းတွေလည်း ကျခဲ့လို့ပျက်စီးမှုတွေလည်းကြုံခဲ့ရတာရှိတယ်လို့ ရန်ကုန်မြို့ခံကပြောပါတယ်။

"မနေ့က မနက်ပိုင်းက ရွာတဲ့မိုးက တညလုံးရွာတယ်၊ အခုအချိန်ထိရွာနေတာပေါ့။ မိုးကမသည်းပေမဲ့ လေက တအားတိုက်တယ်။ တချက်တချက် လေက တော်တော်လေးတိုက်တယ်၊ ပြင်းပြင်းလေး။ ခါတိုင်း မိုးတွင်းတုန်းက အေးတယ်။ အဲဒီအအေးထက် ဆိုးတယ်။ အခုက မိုးရော ဆောင်းရော နှစ်ခုရောပြီး အေးသလို အေးနေတာ။

"ပြီးခဲ့တဲ့ သုံးလေးရက်လောက်ကတော့ မြို့စွန်တွေမှာတော် တော်လေးဖြစ်တယ်လို့ ပြောတယ်။ လောလောဆယ်တော့ ဈေးသည်တွေက ဒုက္ခရောက်တာပေါ့။ ၈ နာရီ၊ ၉ နာရီလောက်ဆို ဈေးသည်တွေက တုန်ပြီးတော့ ဘယ်လိုမှ မခံနိုင်တော့လို့ ဈေးကို မရောင်းနိုင်ဘဲနဲ့ ကုန်တွေ ကုန်ကုန် မကုန်ကုန် သိမ်းသွားတာ မျိုးတွေတော့ရှိတယ်။"

တခါ ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဘက်မှာတော့ အချိန်အခါမဟုတ်တဲ့ မိုးကြောင့် ရိတ်ဖို့ နောက်ကျနေတဲ့ ပဲခင်းတွေ ပျက်စီးတာမျိုး ကြုံနေရတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

"ပဲခင်းထဲမှာ ရေတွေ တော်တော်ပြင်းနေတယ်လေ။ ပဲခင်းထဲမှာ ရေတွေ ၅ လက္မလောက်ဝင်နေတာ။ ပဲစိုက်တဲ့သူတွေက ပျက်စီးတယ်ဆိုတာတလင်းထဲမှာ နယ်ထားရင်တော့ ပျက်စီးတာပေါ့လေ၊ မိုးကြောင့်။ စပါးကတော့ နည်းနည်းပျက်စီးတာများတယ်။ အခက်အခဲတော့ နည်းနည်း ရှိတာပေါ့။"

တချို့ကျတော့လည်း ပဲရိတ်အပြီး နွေစပါးစိုက်ဖို့ ပြင်ဆင်နေသူတွေ ပျက်စီးမှုကြုံနေရတယ်လို့လည်း သူကပြောပါတယ်။ ဧရာဝတီတိုင်းဘက်မှာ မိုးဆက်တိုက်ရွာနေပေမဲ့ လေပြင်းကျတာမျိုးတော့ မရှိပါဘူး။ ဒါပေမဲ့မနေ့ကတော့ မြစ်ကြီးနားနဲ့မန္တလေးသွားတဲ့ ရထားလမ်းတွေ မိုးများလို့ လမ်းချော်တာတွေ ဖြစ်တာကြောင့်နာရီ ၂၀ ကျော်ကြာ ရထားသွားလာမှု ရပ်ထားရပါတယ်။ ဒီအချိန်က ကချင်ပြည်နယ်မှာရှိတဲ့ အင်းတော်ကြီးဘုရားပွဲကျင်းပချိန် ဖြစ်တဲ့အတွက်ဘုရားပွဲသွားတဲ့သူတွေ မိုးကြောင့် ဆက်မသွားနိုင်တော့တာ၊ သွားတဲ့ဆိုင်ကယ်နဲ့ ယာဉ်တချို့ လမ်းပျက်တာကြောင့် တိမ်းမှောက်တာမျိုးရှိတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ကချင်ပြည်နယ်မှာတော့ နေရောင်မမြင်ရဘဲ အုံ့မှိုင်းတဲ့ ရာသီဥတုအပြင် မိုးရွာပြီး အရမ်းအေးနေတယ်လို့ပြောသလို မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတွေမှာတော့ ရာသီဥတုက အုံ့မှိုင်းပြီး မိုးက ခပ်စွေစွေလေးဖြစ်နေပြီး အေးတယ်လို့ ပြောပါတယ်။

အခုလို ရာသီဥတု ဖောက်ပြန်မှုတွေဟာ အာရှ ပစိဖိတ်ဒေသအတွင်းဖြစ်နေတဲ့ လာနီညာရာသီဥတုရဲ့ အကျိုးဆက်တွေကြောင့်ကြုံနေရတာဖြစ်တယ်လို့ မိုးလေဝသပညာရှင်ဦးထွန်းလွင်ကပြောပါတယ်။

"ဒီဥစ္စာတော့ မနစ် နိုဝင်ဘာလကတည်းက ဖြစ်နေတဲ့ လာနီညာရာသီဥတုပါ။ လာနီညာ ရာသီဥတုက အေးပြီးတော့ စွတ်စိုတဲ့ ရာသီဥတုကိုဖြစ်စေတာ သူ့ရဲ့ ဝိသေသလက္ခဏာပါပဲ။ အခုထိလည်းဖြစ်နေဆဲပါပဲ။ မတ်လကုန်ထိ ရှိဖို့ ၈၀% ရှိတယ်လို့ ကျနော်တို့ လွန်ခဲ့တဲ့ ဖေနဝါရီ၊ ဖေဖော်ဝါရီကတည်းက ကြေညာထားပါတယ်။ ရေငွေ့ပါတဲ့ လေတွေ ဖုံးလွှမ်းသွားတဲ့ အချိန်ကစပြီး ဒီရာသီဥတုမျိုး ယနေ့အချိန်ထိ တွေ့နေရတာ ဖြစ်ပါတယ်။ ဒါ မိုးရွာတဲ့အကြောင်းပါ။"

မြန်မာနိုင်ငံဟာ နွေရာသီအပြီး မိုးရာသီဘက်ကို ကူးတော့မှာမို့ ရှေ့ဆက်ပြီး ဒီ့ထက်မိုးများတာမျိုး ကြုံရနိုင်တယ်လို့ ဦးထွန်းလွင်က သူ့ခန့်မှန်းချက်ကို ပြောပြပါတယ်။

"ရှေ့လျှောက်ကတော့ မိုးရာသီဘက် သွားနေတာဆိုတော့ တိုးဖို့ပဲရှိတာပေါ့။ မိုးရာသီက သူ့ဟာသူကို ဒီလိုရာသီဥတုတွေ ဖြစ်တဲ့ကာလပဲလေ။ အဲဒီကာလတိုးလေ ဒါတွေကို ပိုတိုးလာလေပဲဖြစ်မယ်။ အထူးသဖြင့် ကျနော်တို့ အဓိကကြည့်ရမှာကတော့ လာနီညာမတ်လကုန်မှာပြီးမလား၊ ဒါမှမဟုတ် နောက်ပိုင်း သူတို့ခန့်မှန်းသလို မေလအထိရှိမလား၊ အဲဒီအပေါ်မှာ အဓိကတည်ပါလိမ့်မယ်။

"အကယ်၍သာ လာနီညာ မတ်လကုန်မှာ မပြီးဘဲ မေလအထိဆက်လက်ရှိဦးမယ်ဆိုရင်တော့ရာသီဥတုအခြေအနေတွေဟာနောက်ပိုင်းလတွေမှာ ကျနော့်အယူအဆ ပိုပြီးတော့ သတိထားဖို့လိုပါလိမ့်မယ်။ ပိုဆိုးလာနိုင်စရာ ရှိပါတယ်။"

မိုးလေဝသ ပညာရှင် ဦးထွန်းလွင် ပြောပြခဲ့တာဖြစ်ပါတယ်။

အခု ပစိဖိတ်သမုဒ္ဒရာ အလယ်ပိုင်းမှာဖြစ်နေတဲ့ လာနီညာရာသီဥတုဖောက်ပြန်မှုဟာ ကမ္ဘာ့တောင်ဘက်ခြမ်းဖြစ်တဲ့ ဩစတြေးလျား၊ နယူးဇီလန်အပြင် တောင်အမေရိက နိုင်ငံတချို့မှာကြုံခဲ့ရတာကို ကြည့်ခြင်းအားဖြင့် ကမ္ဘာ့သမိုင်းမှာ အဆိုးဆုံးပဲလို့ မိုးလေဝသပညာရှင်များက မှတ်ချက်ထုတ်ပြန်ထားပါတယ်။

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

# ဂျပန်မှာ အင်အားပြင်းငလျင် ထပ်မံလှုပ်ခတ်နိုင်ခြေ ၅၀ ရာနှုန်းရှိသေး

**DVB ၊ မတ်လ ၁၈ ။** ။ ဂျပန်အစိုးရက အင်အားအဆင့် ၇ ရှိတဲ့ မြေငလျင် အချိန်မရွေးလှုပ်ခတ်နိုင်တယ်လို့ အရေးပေါ်အခြေအနေကြေညာထားတာပြည့် မြောက်သွားပြီဖြစ်ပေမယ့် ၅၀ ရာခိုင်နှုန်းတော့ ဖြစ်နိုင်ခြေရှိသေးတယ်လို့သတိ ပေးထားပါတယ်။

ဒါ့အပြင် ဆူနာမီရေလှိုင်းတွေ ဖျက်ဆီးခံခဲ့ရတဲ့ နျူကလီးယား လျှပ်စစ် ဓာတ်အားပေး စက်ရုံတွေကိုလည်း အတိုင်းအတာတခုအထိထိန်းချုပ်နိုင်တဲ့ အ ခြေအနေမျိုးတွေရှိလာပြီလို့ သိရပါတယ်။ ဒီအခြေအနေ အသေးစိတ်ကိုဂျပန်နိုင ငံအခြေစိုက် ဒီဗွီဘီသတင်းထောက် ကိုဇော်ဇော်လှိုင်ကို ကိုအံ့ဘုန်းမြတ်ကဆက် သွယ်မေးမြန်းထားပါတယ်။ အင်အား ၇ အဆင့်ရှိတဲ့ ငလျင်အချိန်မရွေးလှုပ်ခတ် နိုင်တယ်ဆိုပြီးတော့ ဂျပန်အစိုးရကိုယ်တိုင် အရေးပေါ်အခြေအနေထုတ်ထား တာတွေ နောက်ဆုံးဘယ်လိုတွေဖြစ်သွားပြီလဲခင်ဗျ။

"ကျနော်တို့ အခုလက်ရှိ ငလျင်ကြီးလှုပ်ပြီးတဲ့နောက်ဆက်တွဲ ငလျင် လေး တွေကတော့ တောက်လျှောက်လှုပ်နေပါတယ်။ တခါတလေလည်းတနာ ရီခြားတခါပေ့ါနော်။ ရစ်ချ်တာစကေးအရ ပြောလို့ရှိရင်တော့ ၃–၄ လောက် အ ဆင့်ရှိတဲ့ ဟာတွေကတော့ တောက်လျှောက် လှုပ်နေပါတယ်။ ၇ အဆင့်ထိရှိတဲ့ မြေငလျင်ကတော့ အောက်က ကျောက်ဖျာတွေ ရွေ့လျားသွားတဲ့တွက် ပြန်ပြီး တော့ နေရာယူတဲ့အတွက်ပေ့ါနော် သူ ၇၀ ရာခိုင်နှုန်းဆိုတာလည်း မနေက တုန်းက ပြည့်သွားတယ် ၃ ရက်ရှိပြီပေ့ါနော်။ ဒီ နာက်ပိုင်းကတော့၅၀ ရာခိုင် နှုန်းရှိတယ်ပေ့ါနော်။ ဂျပန်နိုင်ငံ မြေငလျင်တိုင်းတာ သူတွေရဲ့ပြောဆိုချက်အရ ကတော့ တိုကျိုမြို့လည်းပါတဲ့အတွက် တိုကျိုမြို့ရေယာထဲထိ ၇ ရစ်ချ်တာ စ ကေးအဆင့်ရှိတဲ့ဟာက နောက်ပိုင်းအဆိုအရတွေကတော့ ၅၀ ရာခိုင်နှုန်း ရှိတယ်လို့ အဲဒီပုံစံမျိုးဖြစ်နေပါတယ်ခင်ဗျ။"

နျူကလီးယားဓာတ်ပေါင်းဖိုတွေကိစ္စကော ဘာတွေများဆက်ဖြစ်နေ သေးလဲခင်ဗျ။

"ဖူကူရှီးမားမှာ ဆူနာမီကြောင့် ပျက်စီးပေါက်ကွဲသွားတဲ့ နျူကလီးယား ဓာတ်ပေါင်းဖိုတွေကိစ္စကတော့ ဒီနေ့မနက်မှာ ဂျပန်စစ်တပ်ကနေပြီးတော့ စစ်ရ ဟတ်ယာဉ်တွေနဲ့ ရေတွေလောင်းချပါတယ်ခင်ဗျ။ အဲဒီဟာ အောင်မြင်တယ် လို့ စစ်တပ်တာဝန်ရှိတဲ့လူတွေက သတင်းစာရှင်းလင်းပွဲလုပ်သွားပါတယ်ခင် ဗျ။ နောက် ထူးခြားမှုတခုကတော့ လျှပ်စစ်ဓာတ်အားစနစ်တွေ ပျက်သွားတဲ့ အတွက် သူတို့ အပြင်ကနေပြီးတော့ လျှပ်စစ်ဓာတ်အားပေးဖို့ စနစ်တွေ ပြင် ဆင်နေတာ အောင်မြင်သွားတဲ့အတွက် လာမယ့်တနင်္လာနေ့လောက်မှာနံပါတ် ၃ နဲ့ နံပါတ် ၄ ကို သူတို့ ပြန်မောင်းနှင်ပြီး ရေတွေ စပေးမယ်ဆိုပြီးတော့ အဲဒီလို သတင်းစာရှင်းလင်းပွဲမှာ ပြောသွားပါတယ်ခင်ဗျ၊ ဒီနေ့ ညနေပိုင်းမှာလည်း မီး သတ်ကားတွေနဲ့ ရေပက်ဖြန်းတဲ့စနစ်ကိုလည်း လုပ်ဖို့အတွက် မီးသတ်ကား အစင်း ၃၀ နဲ့ မီးသတ်အင်အား ၁၂၀ နဲ့ သူတို့ ဆောင်ရွက်နေပါတယ်ခင်ဗျ။ အဲဒီအတွက် နျူကလီးယားရေဒီယိုသတ္တကြွမှုအပေါ် စိုးရိမ်မှုတွေကတော့တချို့ တွေ နည်းနည်းကျဆင်းလာပါတယ်ခင်ဗျ။"

အဲဒီဒေသတွေဘက်မှာ ဗမာလူမျိုး တော်တော်များများလည်းနေထိုင် နေကြတော့ သူတို့အခြေအနေတွေ ဘယ်လိုများရှိနိုင်မလဲခင်ဗျ။

"ဂျပန်မှာရှိနေတဲ့ ဗမာတွေကတော့ လောလောဆယ် ကျောင်းသူ ကျောင်းသားနဲ့ ပညာတော်သင်ထဲက ပြန်ပြီးတော့ ဒီမှာဒုက္ခသည်အဖြစ်နေထိုင် တဲ့ လူတွေကတော့ ပြန်ဖို့လည်းမဖြစ်တဲ့အတွက် ဂျပန်နိုင်ငံမှာပဲ ဆက်လက် ရှိနေပြီးတော့ ဂျပန်နိုင်ငံက သူတို့ကို ကူညီစောင်ရှောက်ပေးထားတယ်။ အဲဒီ အတွက် သူတို့က ဂျပန်နိုင်ငံမှာ အခုဖြစ်ပေါ်နေတဲ့ ဘေးအန္တရာယ်ကိစ္စတွေမှာ၊ ကယ်ဆယ်ရေးလုပ်ငန်းတွေမှာလည်း သူတို့က ပြန်လည်ပူးပေါင်းပါဝင်လုပ်ချင် တယ်လို့ ကမ်းလှမ်းပြီး အခုဆောင်ရွက်ပြီးလုပ်နေပါတယ်။"

Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှ စ တင် ၍ အပတ်စဉ်ထုတ်ဝေသည်

AIR MAIL

PRINTED MATTER